မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၃၉ ] ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက် ( ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် ) } သောကြာနေ့ [ အတွဲ ၇၀

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၂/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး |
|---|---|---|
| | | **ရာထူး၊ ဌာန** |
| (၁) | ဦးဇော်ဝင်း | ဦးဆောင်ညွှန်ကြားရေးမှူး<br>ပြည်တွင်းရေကြောင်းပို့ဆောင်ရေး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၂) | ဦးခင်မောင်ထွန်း | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |

(ပုံ) ထင်ကျော်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၃/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)

**ငြိမ်းချမ်းရေးကော်မရှင် အထောက်အကူပြုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်စွဲပါ အမိန့် (၅၁/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့သော **“ငြိမ်းချမ်းရေးကော်မရှင်”** တွင် ငြိမ်းချမ်းရေးကော်မရှင်၏ လုပ်ငန်းများကို အထောက်အကူပြုပံ့ပိုးကူညီနိုင်ရန် ဖွဲ့စည်းထားသည့် **“အထောက်အကူပြုအဖွဲ့”** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (၁) | ဦးအေးလွင် | အဖွဲ့ခေါင်းဆောင် |
| (၂) | ဦးမိုးဇော်ဦး | အဖွဲ့ဝင် |
| (၃) | ဦးမောင်မောင်အေး | အဖွဲ့ဝင် |
| (၄) | ဦးကျော်လင်းဦး<br>ရုံးအဖွဲ့မှူး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -<br>(၂၁) ရာစုပင်လုံအကြိုပြင်ဆင်ရေးဆပ်ကော်မတီ (၂) | အဖွဲ့ဝင် |

(ပုံ) ထင်ကျော်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ ကျောင်းပြင်ပပညာရေး/Alternative Education ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြ ကို ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး ဒေါက်တာသာထွန်းကျော် ကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) ထင်ကျော်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေ**

**ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေ** (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၃ ။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေ

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃ ။)**

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ပြည်တွင်းရေကြောင်းပို့ဆောင်ရေး**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းဖြစ်သော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကို ဆိုသည်။

(င) **ဆိပ်ကမ်း**ဆိုရာတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များသွားလာနိုင်သော မြစ်များ၊ ချောင်းများ၊ တူးမြောင်းများနှင့် ကမ်းရိုးတန်းတစ်လျှောက် မြို့ ရွာများရှိ ရေယာဉ်ဆိုက်ကပ်နိုင်သော ဆိပ်ကမ်းများ ပါဝင်သည်။

(စ) **ရေယာဉ်**ဆိုရာတွင် ရေကြောင်းသွားလာရာ၌ စက်တပ် သို့မဟုတ် စက်မဲ့ရေယာဉ်ကို ဆိုသည်။ ယင်းစကားရပ်တွင် သစ်ဖောင်၊ ဝါးဖောင်တို့လည်း ပါဝင်သည်။

(ဆ) **စက်ရုံ၊ အလုပ်ရုံ**ဆိုသည်မှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောကျင်းများရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနနှင့် အလုပ်ဌာနခွဲများကို ဆိုသည်။

(ဇ) **ဝန်ဆောင်မှုလုပ်ငန်း**ဆိုရာတွင် အခကြေးငွေ၊ အဖိုးအခ အဖိုးစားနား သို့မဟုတ် ကတိနှင့် ညီညွတ်ချက်ဖြင့် ဆောင်ရွက်ပေးသည့်လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်ဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဖျော်ဖြေမှုလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်း၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်လုပ်ငန်းများနှင့်အစိုးရအဖွဲ့က ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည်ဟု အခါအားလျော်စွာသတ်မှတ်သည့် လုပ်ငန်းများလည်းပါဝင်သည်။

(ဈ) **စီမံခန့်ခွဲရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး စီမံခန့်ခွဲရေးအဖွဲ့ကို ဆိုသည်။

(ည) **ဦးဆောင်ညွှန်ကြားရေးမှူး**ဆိုသည်မှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မြန်မာနိုင်ငံအတွင်း ရေယာဉ်များသွားလာနိုင်သည့် မြစ်များ၊ ချောင်းများနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှုရှိစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊

(ခ) ပြည်သူလူထု၏ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေးတို့တွင် အဓိကကျသည့် ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ရေကြောင်းသယ်ယူပို့ဆောင်ရေးအဖြစ် ဆောင်ရွက်နိုင်ရန်၊

(ဂ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ စီမံအုပ်ချုပ်မှုနှင့် ငွေကြေးသုံးစွဲမှုစနစ်တို့ကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ရေရှည်ရပ်တည်နိုင်သည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းအဖြစ် ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်၊

(ဃ) ရေကြောင်းသယ်ယူပို့ဆောင်ရေးကို ဥပဒေနှင့်အညီ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန်။

## အခန်း (၃)
## ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဖွဲ့စည်းခြင်းနှင့် ယင်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ (က) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကို အစိုးရအဖွဲ့က အတည်ပြုထားသည့် ဖွဲ့စည်းပုံနှင့်အညီ တည်ထောင်ထားရှိရမည်။

(ခ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ဝန်ထမ်းများအတွက် ရပိုင်ခွင့်နှင့်အကျိုးခံစားခွင့်များကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၅။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် -

(က) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ တည်ဆဲဥပဒေအရ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ဆောင်ရွက်ရန် တရားဝင်လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းခံရသော နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းဖြစ်သည်။

(ခ) နိုင်ငံတော်က ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ရင်းနှီးငွေများကိုလည်းကောင်း၊ ပိုင်ဆိုင်မှုပစ္စည်းတွင်ပါဝင်သော ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို လည်းကောင်း ဆက်ခံရမည်။

(ဂ) ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ခွင့်၊ တရားစွဲဆိုခွင့်နှင့် စွဲဆိုခံပိုင်ခွင့်၊ နိုင်ငံတော်က သတ်မှတ်ပေးထားသော ပိုင်ဆိုင်မှုပစ္စည်းများအားလုံးတို့ကို ရယူခွင့်၊ လက်ဝယ်ထားရှိခွင့်နှင့် ပိုင်ဆိုင်ခွင့်များရှိသည်။

၆။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အတွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းနှင့် ဤဥပဒေအရ အခြားဆက်စပ်သည့် ရေယာဉ်ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရေယာဉ်၊ ရေယာဉ်ဝန်ထမ်းများ၊ ခရီးသည်များနှင့် ကုန်စည်များဘေးအန္တရာယ် ကင်းရှင်းပြီး လုံခြုံမှုရှိရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေးတို့နှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) ဝန်ကြီးဌာနက သတ်မှတ်ထားသော မြစ်ကြောင်းများနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ရေယာဉ်များဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဃ) သင်္ဘောကျင်းများနှင့် ရေယာဉ်တည်ဆောက်ပြင်ဆင်ခြင်းဆိုင်ရာ လုပ်ငန်းများအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ၊ စက်ပစ္စည်းကိရိယာများနှင့် စက်သုံးဆီများ ဝယ်ယူဖြည့်တင်းခြင်း၊

(င) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပြည်တွင်း ပြည်ပ ပုဂ္ဂလိကနှင့် အဖွဲ့အစည်းပိုင် ရေယာဉ်များကို မွမ်းမံပြင်ဆင်ခြင်း၊ ရေယာဉ်အသစ် တည်ဆောက်ရောင်းချခြင်းနှင့် အခြားလုပ်ငန်းများကို လက်ခံဆောင်ရွက်ခြင်း၊

(စ) အစိုးရအဖွဲ့ကဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ပေးအပ်သော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဆ) အမျိုးသားအကျိုးစီးပွား၊ အမျိုးသားလုံခြုံရေးအတွက် အစိုးရအဖွဲ့၊ ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဇ) နိုင်ငံတော်ပိုင်ပစ္စည်းများနှင့် ဘဏ္ဍာငွေများကို လေလွင့်၊ ဆုံးရှုံး၊ ပျက်စီး၊ ပျောက်ဆုံးမှုမရှိစေရန် ကြီးကြပ်ထိန်းသိမ်းခြင်း၊

(ဈ) ဝင်ငွေနှင့် အကျိုးအမြတ်တိုးပွားစေရေးအတွက် ဆောင်ရွက်ရန်လိုအပ်သည့် ကိစ္စရပ်များကို အစိုးရအဖွဲ့၊ ဝန်ကြီးဌာန၏ သဘောတူညီမှုဖြင့် ဆောင်ရွက်ခြင်း၊

(ည) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ရရန်ရှိသည့်ငွေကြေးများကို တည်ဆဲဥပဒေနှင့်အညီ အရကောက်ခံ၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းခြင်း၊

(ဋ) ငွေကြေးသုံးစွဲမှုဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ စီမံခန့်ခွဲခြင်း။

၇။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ဝန်ထမ်းများက ယင်းတို့တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများကို အောင်မြင်မှုရရှိရန် တာဝန်ခံ၍ စီမံကြီးကြပ်ဆောင်ရွက်ရမည်။

၈။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရေယာဉ်၊ ဗောတံတားနှင့် အခြားလိုအပ်သည့်ပစ္စည်းများကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ အငှားချထားခြင်း၊

(ခ) ကုန်လှောင်ရုံနှင့် ကမ်းတက်ဆိပ်ကမ်းများကို တည်ဆောက်ခြင်း၊ အငှားချထားခြင်း၊

(ဂ) ရေကြောင်းလမ်းများတစ်လျှောက်ရှိ မြို့၊ ရွာများတွင် ကုန်စည်များ လက်ခံတင်ဆောင်ခြင်းနှင့် သိုလှောင်ဖြန့်ဖြူးခြင်းတို့ကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပိုင်ခွင့်၊

(ဃ) လုပ်ငန်းဆိုင်ရာ ဝန်ဆောင်ခနှုန်းများ၊ လုပ်ခနှုန်းများ၊ ထုတ်လုပ်မှုစံနှုန်းများ၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သည့် ဝန်ဆောင်ခနှုန်းများ၊ အလုပ်ချိန်များ၊ အလုပ်ခွင်စည်းမျဉ်းစည်းကမ်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတ်မှတ်ပိုင်ခွင့်၊ ပြင်ဆင်ပိုင်ခွင့်၊

(င) ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းများနှင့်ရေယာဉ်တည်ဆောက်မှုလုပ်ငန်းများကို ပြည်တွင်း ပြည်ပ လုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ပိုင်ခွင့်၊

(စ) မိမိလုပ်ငန်းအတွက် လိုအပ်သည့် မြေ၊ ဆိပ်ကမ်း၊ အဆောက်အအုံတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သုံးစွဲပိုင်ခွင့်၊

(ဆ) အစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့် ဆောင်ရွက်ရန်လိုအပ်သော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်စက်ပစ္စည်းနှင့် စက်ကိရိယာများ၊ မြေ၊ အဆောက်အအုံများနှင့် အခြားပိုင်ဆိုင်ခွင့်များကို သက်ဆိုင်ရာ လုပ်ငန်းများအတွက် ပြည်တွင်း ပြည်ပ လုပ်ငန်းရှင်များကို ငှားရမ်းခွင့်၊ အကျိုးတူပူးပေါင်းဆောင်ရွက်ပိုင်ခွင့်၊

(ဇ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များကို ပြည်တွင်းလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ပိုင်ခွင့်၊

(ဈ) ငှားရမ်းခ၊ အခနှုန်းထားများသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြန်အမ်းခြင်း၊ လျှော့ပေါ့ခြင်းနှင့် အရကောက်ခံခြင်းတို့ ဆောင်ရွက်ပိုင်ခွင့်၊

(ည) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်၊ ယာဉ်နှင့်အသုံးမလိုသည့်ပစ္စည်းများ၊ ရေယာဉ်ပြင်ဆင်ရာမှ ရရှိသည့်အသုံးမလိုသည့် ပိုလျှံပစ္စည်းများကို ထုခွဲရောင်းချခြင်းနှင့် လဲလှယ်ခြင်းတို့ ဆောင်ရွက်ပိုင်ခွင့်၊

(ဋ) အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် လုပ်ငန်းသဘောတူစာချုပ်များ ချုပ်ဆိုခြင်း၊

(ဌ) ရေယာဉ်များကို တစ်စီးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ ပုဂ္ဂလိကနှင့် အဖွဲ့အစည်းများအား ငှားရမ်းခြင်း၊

(ဍ) ကူးတို့ရေယာဉ်များ ပြေးဆွဲခြင်း၊

(ဎ) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် မြေနှင့် အဆောက်အအုံများကို အသုံးပြု၍ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဏ) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ခွင့်ပြုချက်ရရှိထားသည့် အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ မည်သူ့ကိုမဆို မိမိခွင့်ပြုချက်မရရှိဘဲ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ အသုံးပြုခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်လျှင် တရားစွဲဆိုပိုင်ခွင့်။

## အခန်း (၄)

## စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၉။ ဝန်ကြီးဌာနသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ရေကြောင်းသယ်ယူပို့ဆောင်ရေးဆိုင်ရာလုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန် ဦးဆောင်ညွှန်ကြားရေးမှူးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ အထွေထွေမန်နေဂျာနှင့် ဌာနမှူးများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၁၀။ စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ တာဝန်များကို အောင်မြင်စွာ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် သက်ဆိုင်သော ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ၊ ဝန်ထမ်းရေးရာနှင့် ရေယာဉ်ရေးရာကိစ္စရပ်များကို နိုင်ငံတော်နှင့် ပြည်သူများအကျိုးကိုရှေးရှု၍ စီမံခန့်ခွဲခြင်း။

၁၁။ စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ လုပ်ပိုင်ခွင့်များကို အောင်မြင်စွာ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ လုပ်ပိုင်ခွင့်ထက်ကျော်လွန်သော စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်ခြင်း။

## **အခန်း (၅)**
## **ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် စာရင်းများ**

၁၂။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် -

(က) နိုင်ငံတော်၏ တည်ဆဲဥပဒေအရ ကျသင့်သည့် အခွန်အခများကို ပေးသွင်းရမည်။

(ခ) ဘဏ္ဍာရေးနှစ်အလိုက် စုစုပေါင်း အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ ထည့်သွင်းရေးဆွဲရမည်။

(ဂ) မြန်မာကျပ်ငွေနှင့် နိုင်ငံခြားသုံးငွေများကို သီးခြားစီ ဘဏ်စာရင်းဖွင့်လှစ်ထားရှိရမည်။

(ဃ) နိုင်ငံတော်က ပြဋ္ဌာန်းထုတ်ပြန်ထားသည့် ဘဏ္ဍာရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာကျင့်သုံး ဆောင်ရွက်ရမည်။

(င) အောက်ပါစာရင်းများကို ဝန်ကြီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည် -

(၁) ဝန်ထမ်းအင်အားစာရင်း၊

(၂) ငွေသားအခြေအနေ၊

(၃) ကုန်ပစ္စည်းထုတ်လုပ်သည့်၊ ရောင်းဝယ်သည့် သို့မဟုတ် ဝန်ဆောင်သည့်စာရင်း၊

(၄) အရှုံး၊ အမြတ်စာရင်း၊

(၅) လက်ကျန်ရှင်းတမ်း။

(စ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် လုပ်ငန်းနှင့်စာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုကို ခံယူရမည်။

## **အခန်း (၆)**
## **တားမြစ်ချက်**

၁၃။ မည်သူမျှ-

(က) အောက်ပါပြုလုပ်မှုတစ်ခုခုကို မပြုလုပ်ရ -

(၁) ရေယာဉ်ခပေးဆောင်ခြင်းမှ ကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့် အသုံးပြုပြီးလက်မှတ်ဟောင်းကို သုံးစွဲ၍ဖြစ်စေ၊ ရေယာဉ်ခ ကြိုတင်ပေးဆောင်ခြင်းမပြုဘဲဖြစ်စေ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်ရေယာဉ်တွင် စီးနင်းလိုက်ပါခြင်း၊

(၂) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်ရေယာဉ်တွင် ခရီးတစ်ခုအတွက် လက်မှတ်ဝယ်ယူစီးနင်းလိုက်ပါပြီးနောက် အဆိုပါခရီးကို ကျော်လွန်ကြောင်းသိလျက်နှင့် နောက်ထပ်ရေယာဉ်ခ ကြိုတင်ပေးဆောင်ခြင်းမပြုဘဲ တမင်ဆက်လက် စီးနင်းလိုက်ပါခြင်း၊

(၃) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်ရေယာဉ်တွင် ခရီးတစ်ခုအတွက် လက်မှတ်ဝယ်ယူစီးနင်းလိုက်ပါပြီးနောက် အဆိုပါရေယာဉ်၏ ခရီးစဉ်အဆုံးသို့ ရောက်ရှိသည့်အခါ ရောက်ရှိကြောင်းသိလျက်နှင့် ရေယာဉ်မှထွက်ခွာရန် တမင်ပျက်ကွက်ခြင်း သို့မဟုတ် ငြင်းဆန်ခြင်း၊

(၄) အမှန်တကယ်ကျသင့်သော ရေယာဉ်ခကိုပေးဆောင်ခြင်းမှ ကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်တွင် ရေယာဉ်နေရာအဆင့်အတန်းတစ်ခု အတွက် ရေယာဉ်ခပေးဆောင်လျက် ထိုနေရာအဆင့်အတန်းထက်မြင့်သော သီးသန့် နေရာတွင် သို့မဟုတ် အခန်းတွင် စီးနင်းလိုက်ပါခြင်း၊

(၅) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်တွင် စီးနင်းလိုက်ပါလျက် ရေယာဉ်လက်မှတ် မဝယ်ယူခြင်း သို့မဟုတ် ရေယာဉ်၏ အရာထမ်း၊ အမှုထမ်းများက ရေယာဉ်လက်မှတ် ထုတ်ပြရန် တောင်းဆိုသည့်အခါ ရေယာဉ်လက်မှတ်ထုတ်ပြရန် ပျက်ကွက်ခြင်း၊

(၆) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်တွင် စီးနင်းလိုက်ပါသောသူ တစ်ဦးအတွက် ကျသင့်သော ရေယာဉ်ခကို ပေးဆောင်ခြင်းမှ ကင်းလွတ်စေရန် ရည်ရွယ်ချက်ဖြင့် လက်မှတ်စစ်ကို လိမ်လည်ပြသနိုင်စေခြင်းအလို့ငှာ မိမိ၏လက်မှတ်ကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းပေးခြင်း၊ အခြားသူတစ်ဦးဦးက လက်ခံရယူခြင်း၊

(၇) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်ပေါ်တွင် ခရီးသည်အတွက် နေရာကို တစ်နည်းနည်းဖြင့် ရယူလျက် ထိုနေရာကို အဖိုးအခဖြင့် ရောင်းချခြင်း သို့မဟုတ် လူစီးလက်မှတ်ကို အကျိုးအမြတ်ရယူ၍ တစ်ဆင့်ပြန်လည် ရောင်းချခြင်း၊

(၈) ကုန်တင်ခပေးဆောင်ခြင်းမှ လုံးဝကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ကုန်တင်ခ အပြည့် ပေးဆောင်ခြင်းမှ ကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်ပေါ်တွင် တရားမဝင်သောနည်းလမ်းဖြင့် ကုန်ပစ္စည်းများတင်ဆောင်ခြင်း၊

(၉) တန်ဆာခပေးဆောင်ရန် သတ်မှတ်ထားသော ပစ္စည်းများအတွက် တန်ဆာခပေးဆောင် ခြင်းမှ ကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့် ကျသင့်သောတန်ဆာခကို လုံးဝပေးဆောင်ခြင်း မပြုဘဲ သို့မဟုတ် အပြည့်အဝ ပေးဆောင်ခြင်းမပြုဘဲ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်တွင် မိမိနှင့်အတူ ပစ္စည်းများသယ်ဆောင်ခြင်း။

(ခ) ပုဒ်မခွဲ (က) ပါ ပြုလုပ်မှုတစ်ခုခုကို အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းမပြုရ။

## အခန်း (၇)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၄။ မည်သူမဆို ပုဒ်မ ၁၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်းတွေ့ရှိပါက ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ပေးအပ်ထားသော စစ်ဆေး ပိုင်ခွင့်ရှိသူသည် ထိုသူကို အောက်ပါအတိုင်း စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်ရမည် -

(က) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) မှ ပုဒ်မခွဲငယ် (၇) အထိနှင့် ပုဒ်မခွဲ (ခ) တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်းတွေ့ရှိပါက ထိုသူကို ခရီးစဉ် ခရီးသည်လက်မှတ်ခနှုန်း၏ သုံးဆနှင့်ညီမျှသော ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၈) နှင့် ပုဒ်မခွဲငယ် (၉) တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်းတွေ့ရှိပါက ထိုသူကို ခရီးစဉ် ကုန်တင်တန်ဆာခနှုန်း၏ ငါးဆနှင့်ညီမျှသော ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း။

၁၅။ (က) ပုဒ်မ ၁၄ အရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မကျေနပ်သူသည် ယင်းဒဏ်ငွေကို ပေးသွင်းပြီး အဆိုပါအမိန့်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဦးဆောင်ညွှန်ကြားရေးမှူးထံ အယူခံဝင်နိုင်သည်။

(ခ) ဦးဆောင်ညွှန်ကြားရေးမှူးသည် ပုဒ်မခွဲ (က) အရ အယူခံမှုကိုစိစစ်ပြီး ယင်းဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ဦးဆောင်ညွှန်ကြားရေးမှူး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

## အခန်း (၈)

## အထွေထွေ

၁၆။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်ကို မောင်းနှင်သည့် မည်သည့်ရေယာဉ်အုပ်မဆို ခရီးသည်တင်ရေယာဉ်နှင့် ကုန်စည်တင်ရေယာဉ် အမျိုးအစားအလိုက် ခွင့်ပြုထားသော ခရီးသည် ဦးရေထက်ကျော်လွန်၍သော်လည်းကောင်း၊ သတ်မှတ်ထားသော ဝန်တင်မျဉ်းအမှတ်အသားမြုပ်သည်အထိ သော်လည်းကောင်း၊ ခရီးသည် သို့မဟုတ် ကုန်စည်များကို တင်ဆောင်ပါက ပြည်တွင်းရေကြောင်းသွား ရေယာဉ်ဥပဒေအရ အရေးယူခြင်းခံရမည်။

၁၇။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များကို ငှားရမ်းအသုံးပြုရာတွင် သတ်မှတ်ထားသည့် ကာလအတွင်း အသုံးပြုသည့် ရေယာဉ်များ ပျက်စီးခြင်း သို့မဟုတ် နစ်မြုပ်ခြင်းများအတွက် ငှားရမ်းသုံးစွဲ သူက စတင်ရယူအသုံးပြုစဉ် အခြေအနေအတိုင်း ပြန်လည်အပ်နှံရမည် သို့မဟုတ် ရေယာဉ်၏ ကာလတန်ဖိုး အတိုင်း ပေးလျော်ရမည်။

၁၈။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ဤဥပဒေပါ စီမံခန့်ခွဲရေးနည်းလမ်းအရ ကောက်ခံသည့် ဒဏ်ကြေးငွေကို ပေးဆောင်ရန် ပျက်ကွက်သူထံမှ ဝင်ငွေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ သတ်မှတ်ချက်နှင့် အညီ အရကောက်ခံခွင့်ရှိသည်။

၁၉။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ပစ္စည်းများသည် ပြည်သူပိုင်ပစ္စည်းများဖြစ်သည်။

၂၀။ လျော်ကြေးငွေ၊ ကြွေးကျန်များ၊ ပြည်သူပိုင်ပစ္စည်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၁။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ အရာထမ်း၊ အမှုထမ်းအားလုံးသည် ဤဥပဒေအရ ပေးအပ်သော တာဝန်ကို ထမ်းဆောင်ချိန်တွင် ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၂၂။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ဘဏ္ဍာရေးနှစ်အလိုက် နှစ်စဉ် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြရမည်။

၂၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၄။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၅၁။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)

**မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ**

**ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ** (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၄ ။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၄ ။)**

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်ထားသော ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ပင်လယ်ဇုန်များ**ဆိုသည်မှာ ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့အပါအဝင် နိုင်ငံတော်နှင့်သက်ဆိုင်သည့်ပင်လယ်ဇုန်များကို ဆိုသည်။

(င) **အခြေခံမျဉ်းများ**ဆိုသည်မှာ ဤဥပဒေ၏ နောက်ဆက်တွဲ (က) တွင် သတ်မှတ်ဖော်ပြထားသည့် အခြေခံမျဉ်းများကို ဆိုသည်။

(စ) **အတွင်းပိုင်းရေပြင်**ဆိုသည်မှာ ပိုင်နက်ပင်လယ်ကို စတင်သတ်မှတ်သည့် အခြေခံမျဉ်းမှ ကုန်းတွင်းဘက်ရှိ ရေပိုင်နက်ကို ဆိုသည်။

(ဆ) **နိုင်ငံခြားသား**ဆိုသည်မှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ မဟုတ်သောသူကို ဆိုသည်။

(ဇ) **ရေယာဉ်**ဆိုသည်မှာ ရေပေါ်တွင်သော်လည်းကောင်း၊ ရေအောက်တွင်သော်လည်းကောင်း ရွှေ့လျား သွားလာနိုင်သော စက်တပ် သို့မဟုတ် စက်မဲ့ယာဉ်တစ်မျိုးမျိုးကို ဆိုသည်။

(ဈ) **နိုင်ငံခြားရေယာဉ်**ဆိုသည်မှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိဘဲ နိုင်ငံခြားတွင် မှတ်ပုံတင် ထားသော ရေယာဉ်နှင့် မည်သည့်နိုင်ငံတွင်မျှ မှတ်ပုံတင်ထားခြင်းမရှိသော နိုင်ငံခြားသားပိုင် ရေယာဉ်ကို ဆိုသည်။

(ည) **သဘာဝသယံဇာတ**ဆိုသည်မှာ ပင်လယ်ကြမ်းပြင်၊ ပင်လယ်ကြမ်းပြင်အောက်ခံမြေထု၊ ပင်လယ် ကြမ်းပြင်အထက်ရှိ ရေထုနှင့် ပင်လယ်ရေမျက်နှာပြင်တို့တွင်ပါဝင်သော သက်ရှိသက်မဲ့ သယံဇာတ များကို ဆိုသည်။ ယင်းစကားရပ်တွင် အစိုးရအဖွဲ့က အခါအားလျော်စွာ နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာသတ်မှတ်သော သဘာဝသယံဇာတများလည်း ပါဝင်သည်။

(ဋ) **ရေမိုင်**ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာရေမိုင်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့တွင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိစေရန်၊

(ခ) နိုင်ငံတော်၏ ပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များအတွင်းရှိ သဘာဝသယံဇာတများအား ကာကွယ် ထိန်းသိမ်းစောင့်ရှောက်ရန်၊ စနစ်တကျ ရေရှည်ထုတ်ယူသုံးစွဲရန်နှင့် အဏ္ဏဝါသိပ္ပံဆိုင်ရာသုတေသန လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊

(ဂ) နိုင်ငံတော်၏ ပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များအတွင်း ရေထု၊ လေထုနှင့် အဏ္ဏဝါပတ်ဝန်းကျင် ထိခိုက်ညစ်ညမ်းမှုများမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်။

## အခန်း (၃)
## ပိုင်နက်ပင်လယ်

၄။ နိုင်ငံတော်၏ ပိုင်နက်ပင်လယ်သည် အခြေခံမျဉ်းများမှ ပင်လယ်ဘက်သို့ ရေမိုင် ၁၂ မိုင်အထိ ကျယ်ဝန်းသည်။

၅။ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပိုင်နက်ပင်လယ်၊ ယင်းအောက်ရှိ ပင်လယ်ကြမ်းပြင်၊ အောက်ခံမြေထုနှင့် ယင်းအထက်ရှိ လေထုအထိ သက်ရောက်သည်။

၆။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ နိုင်ငံခြားစစ်ရေယာဉ်မှအပ နိုင်ငံအားလုံး၏ ရေယာဉ်များသည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသောဖြတ်သန်းမှုဖြင့် ဖြတ်သန်းခွင့် ရှိသည်။ ယင်းဖြတ်သန်းမှုသည် နိုင်ငံတော်၏ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ် အေးချမ်းရေး သို့မဟုတ် လုံခြုံရေးကိုထိပါးခြင်းမရှိသရွေ့ အပြစ်ကင်းသော ဖြတ်သန်းမှု ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) နိုင်ငံခြားစစ်ရေယာဉ်သည် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ရရှိမှသာ ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းမှုဖြင့် ဖြတ်သန်းနိုင်သည်။

(ဂ) အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဝင်ရောက်လာသော နိုင်ငံခြားစစ်ရေယာဉ်ကို ပိုင်နက်ပင်လယ်အတွင်း ရောက်ရှိနေသည့်နေရာမှ ချက်ချင်းထွက်ခွာသွားစေရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ဆောင်ရွက်ခွင့်ရှိသည်။

၇။ ပိုင်နက်ပင်လယ်အတွင်း ဖြတ်သန်းနေစဉ် -

(က) မည်သည့်နိုင်ငံခြားရေယာဉ်မဆို နိုင်ငံတော်၏ တည်ဆဲဥပဒေများကို လိုက်နာရမည်။

(ခ) မည်သည့်နိုင်ငံခြားရေယာဉ်မဆို သဘာဝဘေးအန္တရာယ် သို့မဟုတ် တားဆီးရှောင်လွှဲခြင်း မပြုနိုင်သည့်အကြောင်းမှတစ်ပါး ပိုင်နက်ပင်လယ်အတွင်း ရပ်နားခြင်း၊ ကျောက်ချခြင်းမပြုဘဲ အတိုဆုံးလမ်းကြောင်းမှ ဖြတ်သန်းရမည်။

(ဂ) နိုင်ငံခြားငါးဖမ်းရေယာဉ်သည် ပင်လယ်ခရီးထွက်သည့်အခါ ငါးဖမ်းပစ္စည်းကိရိယာများကို သိမ်းဆည်းထားရှိနေကျအတိုင်း စနစ်တကျထားရှိရမည်။

(ဃ) နိုင်ငံခြားသုတေသနရေယာဉ်သည် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ရရှိမှသာ သုတေသန လုပ်ငန်းကို ဆောင်ရွက်ရမည်။

(င) နိုင်ငံခြားရေငုပ်သင်္ဘောများနှင့် ရေအောက်တွင်သွားလာနိုင်သော အခြားယာဉ်များသည် ပင်လယ် ရေမျက်နှာပြင်ပေါ်တွင်သာ ခုတ်မောင်းရမည့်အပြင် သက်ဆိုင်ရာအလံကို လွှင့်ထူရမည်။

၈။ နိုင်ငံခြားရေယာဉ်သည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသောဖြတ်သန်းမှုပြုနေစဉ် အောက်ပါ ပြုလုပ်မှုတစ်ခုခုကို ပြုမူဆောင်ရွက်ပါက နိုင်ငံတော်၏ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ် အေးချမ်းရေး သို့မဟုတ် လုံခြုံရေးကို ထိပါးစေသည်ဟု မှတ်ယူရမည် -

(က) နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့ခိုင်မြဲမှု သို့မဟုတ် နိုင်ငံရေးလွတ်လပ်ခွင့်ကို သော်လည်းကောင်း၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ အပြည်ပြည်ဆိုင်ရာဥပဒေ၏ သဘောတရား များကိုသော်လည်းကောင်း ချိုးဖောက်သော ခြိမ်းခြောက်မှု၊ အင်အားသုံးမှု သို့မဟုတ် အခြားပြုလုပ်မှု တစ်ခုခုကို ပြုလုပ်ခြင်း၊

(ခ) မည်သည့် လက်နက်အမျိုးအစားကိုမဆို စမ်းသပ်ခြင်း၊ လေ့ကျင့်ခြင်း သို့မဟုတ် အသုံးပြုခြင်း၊

(ဂ) နိုင်ငံတော်၏လုံခြုံရေး သို့မဟုတ် ကာကွယ်ရေးကိုထိပါးနှောင့်ယှက်စေမည့် သတင်းအချက်အလက်များ စုဆောင်းခြင်း၊

(ဃ) နိုင်ငံတော်၏ လုံခြုံရေး သို့မဟုတ် ကာကွယ်ရေးကိုထိပါးစေသော ဝါဒဖြန့်ခြင်း၊

(င) ရေယာဉ်ပေါ်သို့ မည်သည့်ယာဉ်အမျိုးအစားကိုမဆို အတက်အဆင်းပြုလုပ်ခြင်း သို့မဟုတ် အတင်အချပြုလုပ်ခြင်း၊

(စ) စစ်လက်နက်များကို ရေယာဉ်ပေါ်မှ ပစ်လွှတ်ခြင်း သို့မဟုတ် စစ်လက်နက်ကိရိယာများကို အတင်အချပြုလုပ်ခြင်း၊

(ဆ) နိုင်ငံတော်၏ အကောက်ခွန်၊ ငွေကြေး၊ လူဝင်မှုကြီးကြပ်ရေး သို့မဟုတ် ကျန်းမာသန့်ရှင်းရေး ဆိုင်ရာ တည်ဆဲဥပဒေများအရ ခွင့်ပြုထားခြင်းမရှိသော ပစ္စည်း၊ ငွေ၊ လူပုဂ္ဂိုလ် သို့မဟုတ် တိရစ္ဆာန်ကို အတင်အချပြုလုပ်ခြင်း၊

(ဇ) ရေထု၊ လေထုနှင့် အဏ္ဏဝါပတ်ဝန်းကျင်ကို ညစ်ညမ်းစေရန်၊ ထိခိုက်ပျက်စီးစေရန် လုပ်ဆောင်ခြင်း၊

(ဈ) ငါးအပါအဝင် ရေနေသတ္တဝါများ၊ အပင်များကို တစ်နည်းနည်းဖြင့် ဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ငါးလုပ်ငန်းပြုလုပ်ခြင်း၊ ယင်းလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သဘာဝသယံဇာတများကို ပျက်စီးဆုံးရှုံးနစ်နာစေရန် ပြုလုပ်ခြင်း၊

(ည) သုတေသနလုပ်ငန်းများ သို့မဟုတ် တိုင်းတာမှုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဈ) နိုင်ငံတော်၏ ဆက်သွယ်ရေးစနစ်၊ အခြားအထောက်အကူပြုပစ္စည်း၊ တပ်ဆင်ထားသော ပစ္စည်းကိရိယာ သို့မဟုတ် အဆောက်အအုံများကို နှောင့်ယှက်ရန်ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်မှုတစ်ခုခုကို ပြုလုပ်ခြင်း၊

(ည) အပြစ်ကင်းသော ဖြတ်သန်းမှုနှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိသည့် အခြားဆောင်ရွက်ချက်တစ်ခုခုကို ပြုလုပ်ခြင်း။

၉။ နိုင်ငံခြားရေယာဉ်သည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းမှုကို ပြုရာတွင် သက်ဆိုင်ရာ တည်ဆဲဥပဒေများကို လိုက်နာရမည့်အပြင် ပင်လယ်ပြင်၌ရေယာဉ်တိုက်မှုဖြစ်ပွားခြင်းကို ကာကွယ်ခြင်းနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းများကိုလည်း လိုက်နာရမည်။

၁၀။ (က) ရေနံတင်ရေယာဉ်များ၊ အဏုမြူစွမ်းအင်သုံးရေယာဉ်များနှင့် အဏုမြူသဘောအရဖြစ်စေ၊ ပင်ကိုသဘောအရဖြစ်စေ အခြားသောအန္တရာယ်ဖြစ်စေသည့် သို့မဟုတ် အဆိပ်အတောက်ဖြစ်စေသည့် ပစ္စည်းများကို သယ်ဆောင်သောရေယာဉ်များသည် နိုင်ငံတော်က ကန့်သတ်ထိန်းချုပ်ပြီး သတ်မှတ်ပေးသော ရေလမ်းကြောင်းအတိုင်း ဖြတ်သန်းသွားလာရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖြတ်သန်းရာတွင် သက်ဆိုင်ရာ ရေယာဉ်သည် လိုအပ်သော စာရွက်စာတမ်းများကို ယူဆောင်လာရမည့်အပြင် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များအရ ယင်းရေယာဉ်များအတွက် သတ်မှတ်ထားသည့် ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ အစီအမံများကိုလည်း လိုက်နာဆောင်ရွက်ရမည်။

၁၁။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ရေယာဉ်သွားလာရေးလမ်းကြောင်းများနှင့် ရေယာဉ်လမ်းကြောင်း ခွဲခြားမှုစနစ်၊ အစီအစဉ်များကို အောက်ပါအချက်များအား အလေးထား၍ ရေပုံပေါ်တွင် သတ်မှတ်ပြီး အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည် -

(က) ဤကိစ္စအလို့ငှာ လုပ်ပိုင်ခွင့်ရှိသော ကျွမ်းကျင်မှုရှိသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၏ ထောက်ခံချက်၊

(ခ) အပြည်ပြည်ဆိုင်ရာ ရေကြောင်းသွားလာမှုအတွက် အစဉ်အလာအားဖြင့် အသုံးပြုနေကျဖြစ်သော ရေလမ်းကြောင်းများ၊

(ဂ) အထူးဝိသေသလက္ခဏာရှိသော ရေယာဉ်များနှင့် ရေယာဉ်သွားလာရေးလမ်းကြောင်းများ၊

(ဃ) ရေယာဉ်အသွားအလာ ထူထပ်မှုအခြေအနေများ။

၁၂။ အစိုးရအဖွဲ့သည် -

(က) ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းသွားလာခြင်း မဟုတ်သည့် ဖြတ်သန်းသွားလာခြင်းကို တားဆီးကာကွယ်ရန်အတွက် လိုအပ်သောအစီအမံများကို ဆောင်ရွက်နိုင်သည်။

(ခ) အတွင်းပိုင်းရေပြင်သို့ ခုတ်မောင်းနေသည့် ရေယာဉ်များ သို့မဟုတ် အတွင်းပိုင်းရေပြင် ပြင်ပရှိ ဆိပ်ကမ်းကဲ့သို့ အသုံးပြုနိုင်သည့်နေရာသို့ ဝင်ရောက်သည့် ရေယာဉ်များနှင့် သက်ဆိုင်သည့် စည်းကမ်းချက်များ ချိုးဖောက်ခြင်းကို တားဆီးကာကွယ်ရန် လိုအပ်သောအစီအမံများကို ဆောင်ရွက်နိုင်သည်။

(ဂ) နိုင်ငံတော်၏ လုံခြုံရေးအတွက် ကာကွယ်ရန်လိုအပ်လျှင် ပိုင်နက်ပင်လယ်အတွင်း နိုင်ငံခြားရေယာဉ်များ၏ အပြစ်ကင်းသော ဖြတ်သန်းသွားလာခြင်းကို ခေတ္တရပ်ဆိုင်းနိုင်သည်။ ထိုကဲ့သို့ ရပ်ဆိုင်းထားခြင်းကို ကြေညာချက်ထုတ်ပြန်ပြီးမှ ဆောင်ရွက်ရမည်။

၁၃။ ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းသွားလာခွင့်အရ ဖြတ်သန်းသွားလာသည့် နိုင်ငံခြားရေယာဉ်အား သာမန်အားဖြင့် အခကြေးငွေ စည်းကြပ်ခြင်းမပြုရ။ သို့ရာတွင် နိုင်ငံတော်သည် သီးခြား ဆောင်ရွက်ပေးရသည့် ဝန်ဆောင်မှုလုပ်ငန်းအတွက်ကိုမူ အခကြေးငွေ စည်းကြပ်နိုင်သည်။

၁၄။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ပိုင်နက်ပင်လယ်အတွင်း ဖြတ်သန်းသွားလာသည့် နိုင်ငံခြားရေယာဉ်များပေါ်တွင် ဖြစ်ပွားသော အောက်ဖော်ပြပါ ပြစ်မှုများ၊ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ တက်ရောက်ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် ဥပဒေနှင့်အညီ တရားစွဲဆိုခြင်း ပြုနိုင်သည် -

(က) ပြစ်မှုနှင့် ဆက်စပ်အကျိုးသက်ရောက်မှုသည် နိုင်ငံတော်သို့ ပျံ့နှံ့လာနိုင်သည့်ကိစ္စရပ်ဖြစ်ခြင်း၊

(ခ) ပြစ်မှုသည် နိုင်ငံတော်၏ငြိမ်းချမ်းရေး သို့မဟုတ် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိပါးစေမည့် ကိစ္စရပ်ဖြစ်ခြင်း၊

(ဂ) ရေယာဉ်မှူးကဖြစ်စေ၊ သင်္ဘောတွင် လွှင့်ထူထားသော အလံနှင့် သက်ဆိုင်သည့်နိုင်ငံ၏ သံတမန် ကိုယ်စားလှယ် သို့မဟုတ် ကောင်စစ်အရာရှိကဖြစ်စေ နိုင်ငံတော်၏ အကူအညီကို တောင်းခံလာသည့် ကိစ္စရပ်ဖြစ်ခြင်း၊

(ဃ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ တရားမဝင်ရောင်းဝယ် ဖောက်ကားခြင်းကို နှိမ်နင်းရေးအတွက် လိုအပ်သည့် စီမံဆောင်ရွက်မှုဖြစ်ခြင်း၊

(င) အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ လက်နက်မှောင်ခိုမှု သို့မဟုတ် ပင်လယ်ဓားပြမှုများနှင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သက်ဆိုင်သော ပြုလုပ်မှုကို နှိမ်နင်းရေးအတွက် လိုအပ်သည့် စီမံဆောင်ရွက်မှုဖြစ်ခြင်း။

၁၅။ နိုင်ငံခြားရေယာဉ်သည် နိုင်ငံတော်၏ အတွင်းပိုင်းရေပြင်၌ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ခဲ့ပြီးနောက် ယင်းရေပြင်မှ ထွက်ခွာပြီး ပိုင်နက်ပင်လယ်ကို ဖြတ်သန်းနေစဉ် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်နိုင်သည်။

၁၆။ နိုင်ငံတော်သည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းမှုဖြင့် ဖြတ်သန်းသွားလာသော နိုင်ငံခြားရေယာဉ်နှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စများတွင် တရားမကြောင်းအရ စီရင်ပိုင်ခွင့်ကို ကျင့်သုံးနိုင်သည် -

(က) နိုင်ငံခြားရေယာဉ်က နိုင်ငံတော်၏ အတွင်းပိုင်းရေပြင်နှင့် ပိုင်နက်ပင်လယ်တစ်လျှောက် ဖြတ်သန်းသည့် ခရီးစဉ်အတွင်း လိုက်နာရန်ရှိသည့်တာဝန်ကို ပျက်ကွက်ခြင်း သို့မဟုတ် ပေးဆောင်ရန်တာဝန်ရှိမှုကို ပျက်ကွက်ခြင်း၊

(ခ) နိုင်ငံခြားရေယာဉ်က အတွင်းပိုင်းရေပြင်၌ တရားမကြောင်းဆိုင်ရာ တာဝန်ရှိသော ပြုလုပ်မှု တစ်ရပ်ရပ်ကို ပြုလုပ်ခြင်း။

## အခန်း (၄)
## ဆက်စပ်ဇုန်

၁၇။ နိုင်ငံတော်၏ ဆက်စပ်ဇုန်သည် ပိုင်နက်ပင်လယ်၏ ပြင်ပတွင်တည်ရှိပြီး ပိုင်နယ်ပင်လယ်နှင့် တစ်ဆက်တည်းဖြစ်သည့်အပြင် အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် ၂၄ မိုင်အထိ ကျယ်ဝန်းသည်။

၁၈။ နိုင်ငံတော်သည် ဆက်စပ်ဇုန်တွင် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သည့်ထိန်းချုပ်မှုများကို ကျင့်သုံးပိုင်ခွင့်ရှိသည် -

(က) နိုင်ငံတော်၏ လုံခြုံရေးကို ထိန်းသိမ်းကာကွယ်ရေး၊

(ခ) နိုင်ငံတော်၏ အကောက်ခွန်၊ ငွေကြေး၊ လူဝင်မှုကြီးကြပ်ရေး သို့မဟုတ် ကျန်းမာသန့်ရှင်းရေးဆိုင်ရာ ဥပဒေများကို ဖောက်ဖျက်ခြင်းမပြုရန် ကြိုတင်တားဆီးကာကွယ်ရေးနှင့် ဖောက်ဖျက်သူတို့အား ဥပဒေနှင့်အညီ အရေးယူအပြစ်ပေးရေး။

## အခန်း (၅)
## သီးသန့်စီးပွားရေးဇုန်

၁၉။ နိုင်ငံတော်၏ သီးသန့်စီးပွားရေးဇုန်သည် ပိုင်နက်ပင်လယ်၏ ပြင်ပတွင် တည်ရှိပြီး ပိုင်နက်ပင်လယ်နှင့် တစ်ဆက်တည်းဖြစ်သည်။ ယင်းသီးသန့်စီးပွားရေးဇုန်သည် အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် ၂၀၀ ထိ ကျယ်ဝန်းသည်။

၂၀။ နိုင်ငံတော်သည် သီးသန့်စီးပွားရေးဇုန်အတွင်း အောက်ပါလုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများကို ကျင့်သုံးပိုင်ခွင့်ရှိသည် -

(က) သီးသန့်စီးပွားရေးဇုန်အတွင်းရှိ ပင်လယ်ကြမ်းပြင်၊ ပင်လယ်ကြမ်းပြင် အောက်ခံမြေထု၊ ပင်လယ်ကြမ်းပြင်အထက်ရှိ ရေထုနှင့် ပင်လယ်ရေမျက်နှာပြင်တို့တွင်ရှိသော သဘာဝသယံဇာတများကို စူးစမ်းရှာဖွေရေး၊ ဖမ်းယူရေးနှင့် တူးဖော်ထုတ်လုပ်ရေး၊ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး၊ ရေ၊ ရေစီးကြောင်းနှင့် လေတို့မှ စွမ်းအင်ထုတ်လုပ်ရေးအပါအဝင် အခြားသော စီးပွားရေးဆိုင်ရာ စူးစမ်းရှာဖွေရေး၊ တူးဖော်ထုတ်လုပ်ရေးနှင့် မွေးမြူရေးတို့အတွက် အချုပ်အခြာအခွင့်အရေးနှင့် လုပ်ပိုင်ခွင့်များ၊

(ခ) လူသားတို့ဖန်တီးသော ကျွန်း၊ ကမ်းလွန်စခန်း၊ အဆောက်အအုံနှင့် အခြားပစ္စည်းကိရိယာများကို တည်ဆောက်ရေး၊ ထိန်းသိမ်းရေးနှင့် အသုံးပြုရေးတို့အတွက် သီးသန့်လုပ်ပိုင်ခွင့်နှင့် သီးသန့်အခွင့်အာဏာများ၊ ယင်းနေရာများအတွက် လုံခြုံရေးဇရိယာသတ်မှတ်နိုင်သည့် အခွင့်အာဏာများ၊

(ဂ) အဏ္ဏဝါသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပေးရေး၊ ကြီးကြပ်ကွပ်ကဲရေးနှင့် ထိန်းချုပ်ရေးတို့အတွက် သီးသန့်အခွင့်အာဏာများ၊

(ဃ) အဏ္ဏဝါပတ်ဝန်းကျင်ကို ရေရှည်တည်တံ့ရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ အဏ္ဏဝါညစ်ညမ်းမှုကို တားဆီးရေးနှင့် ထိန်းချုပ်ရေးတို့အတွက် လုပ်ပိုင်ခွင့်နှင့် အာဏာများ၊

(င) ၁၉၈၂ ခုနှစ်၊ ကုလသမဂ္ဂပင်လယ်ဥပဒေဆိုင်ရာ ကွန်ဗင်းရှင်းအရ အသိအမှတ်ပြုထားသော အခြားလုပ်ပိုင်ခွင့်များ။

၂၁။ နိုင်ငံအားလုံးသည် သီးသန့်စီးပွားရေးဇုန်အတွင်း ရေယာဉ်များ လွတ်လပ်စွာ ဖြတ်သန်းခွင့်၊ ယင်းဇုန်အထက်ရှိ လေထုအတွင်း လေယာဉ်များ လွတ်လပ်စွာပျံသန်းခွင့်၊ ယင်းဇုန်အတွင်း ရေအောက် ကေဘယ်လ်ကြိုး၊ ပိုက်လိုင်းနှင့် ဆက်စပ်ပစ္စည်းများချထားသွယ်တန်းခွင့်တို့ကို ဥပဒေနှင့်အညီ အသုံးပြုနိုင်သည်။ ယင်းသို့ အသုံးပြုရာတွင် ပုဒ်မ ၂၀ ပါ နိုင်ငံတော်၏ လုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများကို ထိခိုက်ခြင်းမရှိစေရ။

၂၂။ သီးသန့်စီးပွားရေးဇုန်အတွင်း သဘာဝသယံဇာတများကို စူးစမ်းရှာဖွေရေး၊ တူးဖော်ထုတ်လုပ်ရေး၊ ဖမ်းယူရေး၊ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအလို့ငှာ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် မည်သည့်ရေယာဉ်ကိုမဆို တက်ရောက်ရှာဖွေခြင်း၊ စစ်ဆေးခြင်း၊ ဖမ်းဆီးခြင်းနှင့် တရားစွဲဆိုခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သည်။

## အခန်း (၆)
## ကမ်းလွန်ရေတိမ်ပိုင်း

၂၃။ နိုင်ငံတော်၏ကမ်းလွန်ရေတိမ်ပိုင်းသည် ပိုင်နက်ပင်လယ်၏ ပြင်ပတွင်တည်ရှိပြီး၊ ကုန်းပိုင်နက်နှင့် သဘာဝအလျောက် တစ်ဆက်တည်းဖြစ်သည့် ကမ်းလွန်မြေဆက်၏ ပြင်ပအနားမျဉ်းအထိ တည်ရှိသော ပင်လယ်ကြမ်းပြင်နှင့် အောက်ခံမြေထုတို့ ပါဝင်သည်။

၂၄။ ကမ်းလွန်ရေတိမ်ပိုင်း၏ သဘာဝသယံဇာတများဆိုရာတွင် -

(က) ဓာတ်သတ္တုနှင့် သက်ရှိ၊ သက်မဲ့ သယံဇာတများ ပါဝင်သည်။ သက်ရှိ၊ သက်မဲ့ သယံဇာတ များတွင် ပင်လယ်အောက်ခြေတစ်နေရာတည်း၌ အတည်တကျပေါက်ပွားလေ့ရှိသော အပင်နှင့် ဖမ်းယူသင့်သည့်အချိန်၊ ဖမ်းယူသင့်သည့် အရွယ်၌ ပင်လယ်ကြမ်းပြင်ပေါ်တွင်ဖြစ်စေ၊ ပင်လယ် ကြမ်းပြင်အောက်တွင်ဖြစ်စေ၊ မရွေ့လျားနိုင်သော သို့မဟုတ် ပင်လယ်ကြမ်းပြင်နှင့်ဖြစ်စေ၊ အောက်ခံ မြေထုနှင့်ဖြစ်စေ ထာဝစဉ် ထိတွေ့နေမှသာလျှင် ရွေ့လျားနိုင်သောသတ္တဝါများ ပါဝင်သည်။

(ခ) အစိုးရအဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်ကြေညာသတ်မှတ်သော သဘာဝသယံဇာတများ ပါဝင်သည်။

၂၅။ နိုင်ငံတော်သည် ကမ်းလွန်ရေတိမ်ပိုင်းတွင် အောက်ပါလုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများကို ကျင့်သုံး ပိုင်ခွင့်ရှိသည် -

(က) သဘာဝသယံဇာတများကို စူးစမ်းရှာဖွေခြင်း၊ တူးဖော်ထုတ်လုပ်ခြင်း၊ ဖမ်းယူခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ခ) လူသားတို့ဖန်တီးသော ကျွန်း၊ ကမ်းလွန်စခန်း၊ အဆောက်အအုံနှင့် အခြားပစ္စည်းကိရိယာများကို တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် အသုံးပြုခြင်း၊

(ဂ) အဏ္ဏဝါသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ထိန်းချုပ်ခြင်း၊

(ဃ) အဏ္ဏဝါပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းနှင့် ရေအောက်ကေဘယ်လ်ကြိုး၊ ပိုက်လိုင်းနှင့် ဆက်စပ်ပစ္စည်းများကြောင့် အဏ္ဏဝါညစ်ညမ်းမှုကို လျှော့ချခြင်း၊ တားဆီးခြင်းနှင့် ထိန်းချုပ်ခြင်း၊

(င) မြေအောက်ဥမင်လိုဏ်ခေါင်းတူးဖော်ခြင်း၊

(စ) အပြည်ပြည်ဆိုင်ရာဥပဒေအရ အခါအားလျော်စွာ အသိအမှတ်ပြုထားသော အခြားလုပ်ပိုင်ခွင့်များ သတ်မှတ်ခြင်း။

## အခန်း (၇)
## ထက်ကြပ်မကွာလိုက်လံဖမ်းဆီးခွင့်

၂၆။ နိုင်ငံတော်သည် ဤဥပဒေနှင့် အခြားတည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်သော သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သည်ဟုယုံကြည်ရန် အကြောင်းရှိသော မည်သည့်နိုင်ငံခြားရေယာဉ်ကိုမဆို သတ်မှတ်ချက် များနှင့်အညီ ထက်ကြပ်မကွာ လိုက်လံဖမ်းဆီးခွင့်ကို ကျင့်သုံးနိုင်သည်။ ယင်းသို့ ထက်ကြပ်မကွာ လိုက်လံ ဖမ်းဆီးခွင့်သည် လိုက်လံဖမ်းဆီးခြင်းခံရသော နိုင်ငံခြားရေယာဉ်က ယင်း၏ ပိုင်နက်ပင်လယ်အတွင်းသို့ ဝင်ရောက်သွားလျှင်သော်လည်းကောင်း၊ တတိယနိုင်ငံ၏ ပိုင်နက်ပင်လယ်အတွင်းသို့ ဝင်ရောက်သွားလျှင် သော်လည်းကောင်း ရပ်ဆိုင်းသည်။

## အခန်း (၈)
## အိမ်နီးချင်းနိုင်ငံများနှင့် ပင်လယ်ပြင်နယ်နိမိတ်သတ်မှတ်ချက်

၂၇။ မြန်မာ-ဘင်္ဂလားဒေ့ရှ်ပင်လယ်ပြင်နယ်နိမိတ်မျဉ်းကို ၂၀၁၂ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ချမှတ် ခဲ့သော ပင်လယ်ဥပဒေဆိုင်ရာ အပြည်ပြည်ဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်အမိန့်ဖြင့် သတ်မှတ်သည်။ မြန်မာ- ဘင်္ဂလားဒေ့ရှ်ပင်လယ်ပြင်နယ်နိမိတ်မျဉ်းတို့၏ ကိုသြဒိနိတ်များမှာ နောက်ဆက်တွဲ (ခ) တွင်လည်းကောင်း၊ နယ်နိမိတ်မျဉ်းကို ဖော်ပြသည့် ရေပုံမှာ နောက်ဆက်တွဲ (ဂ) တွင်လည်းကောင်း ဖော်ပြထားသည့်အတိုင်း ဖြစ်သည်။

၂၈။ မြန်မာ-အိန္ဒိယပင်လယ်ပြင်နယ်နိမိတ်မျဉ်းကို ၁၉၈၆ ခုနှစ်က ချုပ်ဆိုသည့် နှစ်နိုင်ငံသဘောတူစာချုပ်ဖြင့် သတ်မှတ်သည်။ မြန်မာ-အိန္ဒိယပင်လယ်ပြင်နယ်နိမိတ်မျဉ်းတို့၏ ကိုဩဒိနိတ်များမှာ နောက်ဆက်တွဲ (ခ) တွင်လည်းကောင်း၊ နယ်နိမိတ်မျဉ်းကို ဖော်ပြသည့် ရေပုံမှာ နောက်ဆက်တွဲ (ဂ) တွင်လည်းကောင်း ဖော်ပြထားသည့်အတိုင်း ဖြစ်သည်။

၂၉။ မြန်မာ-ထိုင်းပင်လယ်ပြင်နယ်နိမိတ်မျဉ်းကို ၁၉၈၀ ပြည့်နှစ်က ချုပ်ဆိုသည့် နှစ်နိုင်ငံသဘောတူစာချုပ်ဖြင့် သတ်မှတ်သည်။ မြန်မာ-ထိုင်းပင်လယ်ပြင်နယ်နိမိတ်မျဉ်းတို့၏ ကိုဩဒိနိတ်များမှာ နောက်ဆက်တွဲ (ခ) တွင်လည်းကောင်း၊ နယ်နိမိတ်မျဉ်းကို ဖော်ပြသည့်ရေပုံမှာ နောက်ဆက်တွဲ (ဂ) တွင်လည်းကောင်း ဖော်ပြထားသည့် အတိုင်းဖြစ်သည်။

## အခန်း (၉)
## တားမြစ်ချက်များ

၃၀။ ဆက်စပ်ဇုန်၏ ပင်လယ်ကြမ်းပြင်တွင်တည်ရှိနေသော ရှေးဟောင်းဝတ္ထုပစ္စည်းနှင့်သမိုင်းဝင်ပစ္စည်းများ အပါအဝင် မည်သည့်ဝတ္ထုပစ္စည်းကိုမဆို အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ မည်သူမျှ ရွှေ့ပြောင်းခြင်း မပြုရ။

၃၁။ မည်သူမျှ သီးသန့်စီးပွားရေးဇုန်တွင် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) စူးစမ်းရှာဖွေခြင်း၊

(ခ) သဘာဝသယံဇာတများကို ဖမ်းယူခြင်း၊ တူးဖော်ခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း၊

(ဂ) သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၊

(ဃ) မည်သည့်ရည်ရွယ်ချက်ဖြင့်မဆို တူးဖော်ထုတ်လုပ်ခြင်း သို့မဟုတ် တွင်းတူးခြင်း၊

(င) လူသားတို့ဖန်တီးသော ကျွန်း၊ ကမ်းလွန်စခန်း၊ အဆောက်အအုံနှင့် အခြားပစ္စည်းကိရိယာများကို တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် အသုံးပြုခြင်း။

၃၂။ မည်သူမျှ ကမ်းလွန်ရေတိမ်ပိုင်းတွင် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) စူးစမ်းရှာဖွေခြင်း၊

(ခ) သဘာဝသယံဇာတများကို ဖမ်းယူခြင်း၊ တူးဖော်ခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း၊

(ဂ) သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၊

(ဃ) မည်သည့်ရည်ရွယ်ချက်ဖြင့်မဆို ရှာဖွေခြင်း၊ တူးဖော်ခြင်း သို့မဟုတ် တွင်းတူးခြင်း၊

(င) လူသားတို့ဖန်တီးသော ကျွန်း၊ ကမ်းလွန်စခန်း၊ အဆောက်အအုံနှင့် အခြားပစ္စည်းကိရိယာများကို တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် အသုံးပြုခြင်း၊

(စ) ရေအောက်ကေဘယ်လ်ကြိုး၊ ပိုက်လိုင်းများချခြင်း သို့မဟုတ် ပြုပြင်ထိန်းသိမ်းခြင်း။

## အခန်း (၁၀)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၃။ မည်သူမဆို ပုဒ်မ ၃၀၊ ၃၁ သို့မဟုတ် ၃၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

အကယ်၍ ပြစ်မှုကျူးလွန်သူသည် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားအကျိုးစီးပွားနှင့် သက်ဆိုင်သူဖြစ်ပါက တရားရုံးကချမှတ်သည့် ငွေဒဏ်ကို သတ်မှတ်ထားသော ငွေလဲလှယ်နှုန်းထားနှင့်အညီ သတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ပေးဆောင်စေရမည်။

၃၄။ မည်သူမဆို ပုဒ်မ ၃၀၊ ၃၁ သို့မဟုတ် ၃၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ရာတွင် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို မူရင်းပြစ်မှုတွင် သတ်မှတ်ထားသည့် ပြစ်ဒဏ်အတိုင်း ချမှတ်ရမည်။ အကယ်၍ ပြစ်မှုကျူးလွန်သူသည် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားအကျိုးစီးပွားနှင့် သက်ဆိုင်သူဖြစ်ပါက တရားရုံးကချမှတ်သည့် ငွေဒဏ်ကို သတ်မှတ်ထားသော ငွေလဲလှယ်နှုန်းထားနှင့်အညီ သတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ပေးဆောင်စေရမည်။

၃၅။ မည်သူမဆို ပုဒ်မ ၃၀၊ ၃၁ သို့မဟုတ် ၃၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ အကယ်၍ ပြစ်မှုကျူးလွန်သူသည် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အကျိုးစီးပွားနှင့် သက်ဆိုင်သူဖြစ်ပါက တရားရုံးကချမှတ်သည့် ငွေဒဏ်ကို သတ်မှတ်ထားသော ငွေလဲလှယ် နှုန်းထားနှင့်အညီ သတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ပေးဆောင်စေရမည်။

၃၆။ မည်သူမဆို ပုဒ်မ ၇၊ ၈ သို့မဟုတ် ၁၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းသော်လည်းကောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုလျှင်သော်လည်းကောင်း သက်ဆိုင်ရာ တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်။

၃၇။ သက်ဆိုင်ရာတရားရုံးသည် ပုဒ်မ ၃၃၊ ၃၄၊ ၃၅ တို့တွင် ဖော်ပြပါရှိသော ပြစ်မှုတစ်ရပ်ရပ်နှင့် အကျုံးဝင်သော ရေယာဉ်များအနက် စစ်ရေယာဉ်မှအပ မည်သည့်ရေယာဉ်ကိုမဆို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။ ရေယာဉ်တွင် တပ်ဆင်ထားသော ကိရိယာတန်ဆာပလာများ ရေယာဉ်ပေါ်ရှိ ပစ္စည်းများ အားလုံးကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

## အခန်း (၁၁)
## အထွေထွေ

၃၈။ နိုင်ငံတော်သည် အဏ္ဏဝါပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အရေးယူဆောင်ရွက်နိုင်သည်။

၃၉။ ဤဥပဒေအရ အရေးယူဆောင်ရွက်ခြင်းသည် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူပိုင်ခွင့်ကို တားမြစ်ပိတ်ပင်ခြင်း မရှိစေရ။

၄၀။ ပုဒ်မ ၃၆ အရ အရေးယူဆောင်ရွက်သည့် ကိစ္စရပ်များသည် ပုဒ်မ ၁၆ ပါ တရားမကြောင်းအရ စီရင်ပိုင်ခွင့် ကျင့်သုံးနိုင်သည့် ကိစ္စရပ်များကို မထိခိုက်စေရ။

၄၁။ အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဤဥပဒေအရ တရားစွဲဆိုခြင်းမပြုရ။

၄၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) သက်ဆိုင်ရာဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်နိုင်သည်။

၄၃။ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ (၁၉၇၇ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၃။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နောက်ဆက်တွဲ (က)**

၁။ ဤဥပဒေပါ ကိစ္စရပ်များအလို့ငှာ နိုင်ငံတော်၏ ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့ကို သတ်မှတ်ရာ၌ နိုင်ငံတော်၏ ပင်လယ်ကမ်းရိုးတန်း ပထဝီအနေအထားများအရ လည်းကောင်း၊ ပင်လယ်ကမ်းခြေဒေသများ၏ စီးပွားရေးလိုအပ်ချက်များအရလည်းကောင်း အောက်ဖော်ပြပါ ပုံသေသတ်မှတ်ထားသည့် တည်နေရာအမှတ်များအား ဆက်စပ်၍ ရေးဆွဲထားသော အခြေခံမျဉ်းဖြောင့်မှ တိုင်းတာသည် -

**ဇယား**

၂။ **ရခိုင်ကမ်းရိုးတန်း**

| | | | |
|---|---|---|---|
| (က) | မေယုကျွန်း၏တောင်ဘက်စွန်း (Southern Point of Mayu Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၂၀° ၁၁' ၄၉"<br>၉၂° ၃၂' ၁၉" |
| (ခ) | မြင်းကွန်းကျွန်း၏တောင်ဘက်စွန်း (Boronga Point) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၉° ၄၈' ၃၀"<br>၉၃° ၀၁' ၄၂" |
| (ဂ) | တောင်သန္တာကျောက် (South Terrible Rock) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၉° ၂၂' ၅၆"<br>၉၃° ၁၆' ၂၀" |
| (ဃ) | ဂမ္ဘီမကျောက်တန်း၏အနောက်ဘက်စွန်း (Western Point of Henry Rocks) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၈° ၅၁' ၄၈"<br>၉၃° ၂၆' ၁၅" |
| (င) | နတ်ဗုဒ္ဓါကျွန်း (Nerbudda Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၈° ၂၀' ၅၀"<br>၉၃° ၅၆' ၂၅" |
| (စ) | ကျောက်လက်ဝါးကျောက်စု (Church Rocks) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၇° ၂၇' ၃၉"<br>၉၄° ၁၉' ၄၆" |
| (ဆ) | ငှက်တောင်ကျွန်းများ၏အနောက်မြောက်ကျွန်းစု (North West Group of Hnget-taung Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၆° ၅၅' ၂၈"<br>၉၄° ၁၂' ၄၅" |
| (ဇ) | ကိုရင်ကြီးကျွန်း (Goyangyi Island) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၆° ၃၁' ၂၀"<br>၉၄° ၁၄' ၂၁" |
| (ဈ) | ဆင်ပိန်ကျွဲကျောက်များ၏တောင်ဘက်ကျောက် (South Rock) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၆° ၁၈' ၅၅"<br>၉၄° ၁၁' ၂၀" |
| (ည) | ကျောက်နက် (Black Rock) | မြောက်လတ္တီတွဒ်<br>အရှေ့လောင်ဂျီတွဒ် | ၁၆° ၁၁' ၅၀"<br>၉၄° ၁၀' ၅၀" |

(ဋ) ပုသိမ်မီးပြ မြောက်လတ္တီတွဒ် ၁၅° ၄၂' ၁၃"
(Pathein Light House) အရှေ့လောင်ဂျီတွဒ် ၉၄° ၁၂' ၀၆"

၃။ **မုတ္တမပင်လယ်ကွေ့**

(က) ပုသိမ်မီးပြ မြောက်လတ္တီတွဒ် ၁၅° ၄၂' ၁၃"
(Pathein Light House) အရှေ့လောင်ဂျီတွဒ် ၉၄° ၁၂' ၀၆"

(ခ) ဟိန်းဇဲဘုတ်ကျွန်း၏အနောက်ဘက်စွန်း မြောက်လတ္တီတွဒ် ၁၄° ၂၄' ၁၅"
(Western Point of Heinze' Bok Island) အရှေ့လောင်ဂျီတွဒ် ၉၇° ၄၆' ၀၂"

၄။ **တနင်္သာရီကမ်းရိုးတန်း**

(က) ဟိန်းဇဲဘုတ်ကျွန်း၏အနောက်ဘက်စွန်း မြောက်လတ္တီတွဒ် ၁၄° ၂၄' ၁၅"
(Western Point of Heinze' Bok Island) အရှေ့လောင်ဂျီတွဒ် ၉၇° ၄၆' ၀၂"

(ခ) မောင်းမကန်ကျွန်းစု၏မြောက်ကျွန်း မြောက်လတ္တီတွဒ် ၁၄° ၀၉' ၀၀"
(North Island of Maungmagan Islands) အရှေ့လောင်ဂျီတွဒ် ၉၇° ၄၆' ၅၄"

(ဂ) ထုံးတောင်ကျွန်း မြောက်လတ္တီတွဒ် ၁၂° ၄၁' ၃၀"
(West Canister Island) အရှေ့လောင်ဂျီတွဒ် ၉၇° ၄၃' ၄၀"

(ဃ) ကုရင်ကျွန်း၏မြောက်ဘက်စွန်း မြောက်လတ္တီတွဒ် ၁၂° ၃၀' ၃၀"
(Northern Point of Saurim Island) အရှေ့လောင်ဂျီတွဒ် ၉၇° ၄၇' ၄၂"

(င) နာခံကျွန်း၏အနောက်ဘက်စွန်း မြောက်လတ္တီတွဒ် ၁၂° ၀၃' ၀၃"
(Western Point of Prinsep Island) အရှေ့လောင်ဂျီတွဒ် ၉၇° ၃၈' ၀၀"

(စ) အနောက်စူလာကျွန်း၏အနောက်ဘက်စွန်း မြောက်လတ္တီတွဒ် ၁၁° ၄၇' ၁၅"
(Western Point of West Sular Island) အရှေ့လောင်ဂျီတွဒ် ၉၇° ၂၆' ၁၅"

(ဆ) မြောက်တော်ဝင်ကျွန်း၏အနောက်မြောက်ဘက်စွန်း မြောက်လတ္တီတွဒ် ၁၀° ၃၈' ၁၅"
(North Western Point of Myauk Taw Win Island) အရှေ့လောင်ဂျီတွဒ် ၉၇° ၄၁' ၄၅"

(ဇ) တောင်တော်ဝင်ကျွန်း၏အနောက်ဘက်စွန်း မြောက်လတ္တီတွဒ် ၁၀° ၂၈' ၁၂"
(Western Point of Taung Taw Win Island) အရှေ့လောင်ဂျီတွဒ် ၉၇° ၄၀' ၄၅"

(ဈ) အောက်ကျွန်းနီကျွန်း မြောက်လတ္တီတွဒ် ၀၉° ၅၁' ၂၄"
(Auk Kyun Ni Island) အရှေ့လောင်ဂျီတွဒ် ၉၇° ၅၂' ၁၈"

(ည) တစ်ပင်တိုင်ကျွန်း မြောက်လတ္တီတွဒ် ၀၉° ၄၀' ၄၅"
(Ta Bin Taing Island) အရှေ့လောင်ဂျီတွဒ် ၉၇° ၅၄' ၃၀"

(ဋ) တောင်စွန်းကျွန်း၏အနောက်ဘက်စွန်း မြောက်လတ္တီတွဒ် ၀၉° ၃၅' ၅၄"
(Western Point of Taung Sune Island) အရှေ့လောင်ဂျီတွဒ် ၉၇° ၅၈' ၁၂"

၅။ **ပရိပဲရစ်ကျွန်းအုပ်စု (ပါလီပါလဲ့ကျွန်းအုပ်စု)**

(က) နွားသားအမိကျွန်း၏အနောက်မြောက်ဘက်စွန်း မြောက်လတ္တီတွဒ် ၁၄° ၅၆' ၀၇"
(North Western Point of Cow & Calf Island) အရှေ့လောင်ဂျီတွဒ် ၉၃° ၃၈' ၄၆"

(ခ) အုန်းပင်ကျွန်း၏အနောက်ဘက်စွန်း မြောက်လတ္တီတွဒ် ၁၄° ၅၂' ၁၅"
(Western Point of Ohn Pin Island) အရှေ့လောင်ဂျီတွဒ် ၉၃° ၃၄' ၀၈"

(ဂ) သဲဖြူကျွန်း၏အနောက်မြောက်ဘက်စွန်း မြောက်လတ္တီတွဒ် ၁၄° ၅၁' ၄၀"
(North Western Point of Thee Phyu Island) အရှေ့လောင်ဂျီတွဒ် ၉၃° ၃၄' ၁၂"

| | | | |
|---|---|---|---|
| (ဃ) | ဆင်ကျွန်း၏အနောက်မြောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° ၅၀' ၅၆" |
| | (North Western Point of Sin Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° ၃၄' ၁၀" |
| (င) | လူခေါင်းကျွန်း၏အနောက်မြောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° ၄၇' ၂၄" |
| | (North Western Point of Lu Gaung Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° ၃၂' ၅၉" |
| (စ) | လူခေါင်းကျွန်း၏တောင်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° ၄၇' ၀၈" |
| | (Southern Point of Lu Gaung Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° ၃၃' ၀၀" |
| (ဆ) | ပါလီပါလဲ့ကျွန်း၏တောင်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° ၅၀' ၁၇" |
| | (Southern Point of Preparis Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° ၃၆' ၄၀" |
| (ဇ) | ပါလီပါလဲ့ကျွန်း၏အရှေ့မြောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° ၅၃' ၅၄" |
| | (North Eastern Point of Preparis Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° ၃၈' ၃၅" |
| (ဈ) | နွားသားအမိကျွန်း၏အရှေ့ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° ၅၅' ၅၂" |
| | (Eastern Point of Cow & Calf Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° ၃၉' ၀၆" |

၆။　**ကိုကိုးကျွန်းအုပ်စု**

| | | | |
|---|---|---|---|
| (က) | မင်္ဂလာကျွန်း၏အရှေ့မြောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° ၁၁' ၃၃" |
| | (North Eastern Point of Mingala Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° ၂၂' ၂၀" |
| (ခ) | ညှပ်ဖိနပ်ကျွန်း၏အနောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° ၁၁' ၂၈" |
| | (Western Point of Slipper Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° ၂၁' ၁၇" |
| (ဂ) | ကိုကိုးလေးကျွန်း၏အနောက်မြောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° ၀၀' ၅၅" |
| | (North Western Point of Little Co Co Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° ၁၃' ၀၉" |
| (ဃ) | ကိုကိုးလေးကျွန်း၏တောင်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၃° ၅၈' ၁၈" |
| | (Southern Point of Little Co Co Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° ၁၃' ၂၂" |
| (င) | ချယ်ရီကျွန်း၏တောင်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° ၀၂' ၅၄" |
| | (Southern Point of Jerry Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° ၂၁' ၅၂" |
| (စ) | ကိုကိုးကြီးကျွန်း၏အရှေ့မြောက်ဘက်စွန်း | မြောက်လတ္တီတွဒ် | ၁၄° ၀၈' ၄၈" |
| | (North Eastern Point of Great Co Co Island) | အရှေ့လောင်ဂျီတွဒ် | ၉၃° ၂၂' ၄၁" |

**မှတ်ချက်။**　ရခိုင်ကမ်းရိုးတန်း၊ မုတ္တမကွေ့၊ တနင်္သာရီကမ်းရိုးတန်းရှိ အခြေခံအမှတ်များ၏ ကိုဩဒိနိတ်များမှာ (၁၉၅၉) ခုနှစ်တွင်ထုတ်ဝေသော ဗြိတိသျှရေပုံအမှတ် (၈၂၄) နှင့် (၂၁၆-က)၊ (၁၉၆၀) ခုနှစ်တွင် ထုတ်ဝေသော ဗြိတိသျှရေပုံအမှတ် (၃၇၇၁)၊ (၁၉၆၄) ခုနှစ်တွင် ထုတ်ဝေသော ဗြိတိသျှရေပုံအမှတ် (၈၂၁) နှင့် (၃၇၇၂)၊ (၁၉၇၅) ခုနှစ်တွင် ထုတ်ဝေထားသော ဗြိတိသျှရေပုံအမှတ် (၂၁၆) တို့မှ သတ်မှတ်ဖော်ပြထားခြင်းဖြစ်ပါသည်။ ပါလီပါလဲ့ကျွန်းနှင့် ကိုကိုးကျွန်းအုပ်စုတို့၏ Coordinate များကို WGS - 84 Datum ဖြင့် တိုင်းတာဖော်ပြထားပါသည်။

**နောက်ဆက်တွဲ (ခ)**

## မြန်မာ-ဘင်္ဂလားဒေ့ရှ် ပင်လယ်ပြင်နယ်နိမိတ်

၁။　မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဖြစ်ပွားခဲ့သည့် ပင်လယ်ပြင်ဆိုင်ရာအငြင်းပွားမှုအား ပင်လယ်ဥပဒေဆိုင်ရာအပြည်ပြည်ဆိုင်ရာခုံရုံးမှ ၂၀၁၂ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ဆုံးဖြတ်ချက်

ချမှတ်ပေးခဲ့သည့် ပင်လယ်နယ်နိမိတ်မျဉ်းမှာ အောက်ဖော်ပြပါအမှတ်များကို ဆက်၍ ရေးဆွဲထားသော မျဉ်းဖြောင့်များဖြစ်သည်။ အမှတ် ၈ နှင့် အမှတ် ၉ ဆက်ဆွဲရာတွင်မူ စိန့်မာတင်ကျွန်းမှ ရေမိုင် (၁၂) မိုင် စက်ဝန်းအတိုင်းဖြစ်သည် -

**ဇယား**

| | | | | | |
|---|---|---|---|---|---|
| (က) | အမှတ် (၁) | မြောက်လတ္တီတွဒ် | ၂၀° | ၄၂' | ၁၅. ၈" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၂° | ၂၂' | ၀၇. ၂" |
| (ခ) | အမှတ် (၂) | မြောက်လတ္တီတွဒ် | ၂၀° | ၄၀' | ၄၅. ၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၂° | ၂၀' | ၂၉. ၀" |
| (ဂ) | အမှတ် (၃) | မြောက်လတ္တီတွဒ် | ၂၀° | ၃၉' | ၅၁. ၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၂° | ၂၁' | ၁၁. ၅" |
| (ဃ) | အမှတ် (၄) | မြောက်လတ္တီတွဒ် | ၂၀° | ၃၇' | ၁၃. ၅" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၂° | ၂၃' | ၄၂. ၃" |
| (င) | အမှတ် (၅) | မြောက်လတ္တီတွဒ် | ၂၀° | ၃၅' | ၂၆. ၇" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၂° | ၂၄' | ၅၈. ၅" |
| (စ) | အမှတ် (၆) | မြောက်လတ္တီတွဒ် | ၂၀° | ၃၃' | ၁၇. ၈" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၂° | ၂၅' | ၄၆. ၀" |
| (ဆ) | အမှတ် (၇) | မြောက်လတ္တီတွဒ် | ၂၀° | ၂၆' | ၁၁. ၃" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၂° | ၂၄' | ၅၂. ၄" |
| (ဇ) | အမှတ် (၈) | မြောက်လတ္တီတွဒ် | ၂၀° | ၂၂' | ၄၆. ၁" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၂° | ၂၄' | ၀၉. ၁" |
| (ဈ) | အမှတ် (၉) | မြောက်လတ္တီတွဒ် | ၂၀° | ၂၆' | ၃၉. ၂" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၂° | ၉' | ၅၀. ၇" |
| (ည) | အမှတ် (၁၀) | မြောက်လတ္တီတွဒ် | ၂၀° | ၁၃' | ၀၆. ၃" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၂° | ၀၀' | ၀၇. ၆" |
| (ဋ) | အမှတ် (၁၁) | မြောက်လတ္တီတွဒ် | ၂၀° | ၀၃' | ၃၂. ၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၁° | ၅၀' | ၃၁. ၈" |

**မှတ်ချက်။** အမှတ် (၁၁) မှ စတင်၍ ၂၁၅ ဒီဂရီအတိုင်း ပင်လယ်ဘက်သို့ ဆက်ဆွဲ၍ ဘင်္ဂလားဒေ့ရှ် - အိန္ဒိယ ပင်လယ်နယ်နိမိတ်မျဉ်းနှင့် တွေ့ဆုံသည့်နေရာအထိ ဖြစ်ပါသည်။ အမှတ်များ၏ Coordinate များကို WGS - 84 Datum ဖြင့် တိုင်းတာဖော်ပြထားပါသည်။ ပင်လယ်နယ်နိမိတ်မှာ အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် (၂၀၀) အထိ သတ်မှတ်သည်။ သို့ရာတွင် ဘင်္ဂလားဒေ့ရှ် - မြန်မာနှစ်နိုင်ငံ နယ်နိမိတ်မျဉ်းနှင့် ဆက်စပ်နေရာများတွင် အဆိုပါ နယ်နိမိတ်မျဉ်းအထိ ဖြစ်သည်။

## မြန်မာ - အိန္ဒိယ ပင်လယ်ပြင်နယ်နိမိတ်

၁။ ၁၉၈၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် နှစ်နိုင်ငံ လက်မှတ်ရေးထိုးထားခဲ့သော မြန်မာ-အိန္ဒိယ ပင်လယ်ပြင်နယ်နိမိတ်မှာ အောက်ဖော်ပြပါ ပင်မအမှတ် (၁၆) မှတ်အား ဆက်သွယ်ထားသော မျဉ်းဖြောင့်များ ဖြစ်သည် -

**ဇယား**

| | | | | | |
|---|---|---|---|---|---|
| (က) | ပင်မအမှတ် (၁) | မြောက်လတ္တီတွဒ် | ၀၉° | ၃၈' | ၀၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅° | ၃၅' | ၂၅" |
| (ခ) | ပင်မအမှတ် (၂) | မြောက်လတ္တီတွဒ် | ၀၉° | ၅၃' | ၁၄" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅° | ၂၈' | ၀၀" |

| | | | | | |
|---|---|---|---|---|---|
| (ဂ) | ပင်မအမှတ် (၃) | မြောက်လတ္တီတွဒ် | ၁၀° | ၁၈' | ၄၂" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅° | ၁၆' | ၀၂" |
| (ဃ) | ပင်မအမှတ် (၄) | မြောက်လတ္တီတွဒ် | ၁၀° | ၂၈' | ၀၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅° | ၁၅' | ၅၈" |
| (င) | ပင်မအမှတ် (၅) | မြောက်လတ္တီတွဒ် | ၁၀° | ၄၄' | ၅၃" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅° | ၂၂' | ၀၀" |
| (စ) | ပင်မအမှတ် (၆) | မြောက်လတ္တီတွဒ် | ၁၁° | ၄၃' | ၁၇" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅° | ၂၆' | ၀၀" |
| (ဆ) | ပင်မအမှတ် (၇) | မြောက်လတ္တီတွဒ် | ၁၂° | ၁၉' | ၄၃" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅° | ၃၀' | ၀၀" |
| (ဇ) | ပင်မအမှတ် (၈) | မြောက်လတ္တီတွဒ် | ၁၂° | ၅၄' | ၀၇" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅° | ၄၁' | ၀၀" |
| (ဈ) | ပင်မအမှတ် (၉) | မြောက်လတ္တီတွဒ် | ၁၃° | ၄၈' | ၀၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅° | ၀၂' | ၀၀" |
| (ည) | ပင်မအမှတ် (၁၀) | မြောက်လတ္တီတွဒ် | ၁၃° | ၄၈' | ၀၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃° | ၅၀' | ၀၀" |
| (ဋ) | ပင်မအမှတ် (၁၁) | မြောက်လတ္တီတွဒ် | ၁၃° | ၃၄' | ၁၈" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃° | ၄၀' | ၅၉" |
| (ဌ) | ပင်မအမှတ် (၁၂) | မြောက်လတ္တီတွဒ် | ၁၃° | ၄၉' | ၁၁" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၃° | ၀၈' | ၀၅" |
| (ဍ) | ပင်မအမှတ် (၁၃) | မြောက်လတ္တီတွဒ် | ၁၃° | ၅၇' | ၂၉" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၂° | ၅၄' | ၅၀" |
| (ဎ) | ပင်မအမှတ် (၁၄) | မြောက်လတ္တီတွဒ် | ၁၄° | ၀၀' | ၅၉" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၂° | ၅၀' | ၀၂" |
| (ဏ) | ပင်မအမှတ် (၁၅) | မြောက်လတ္တီတွဒ် | ၁၄° | ၁၇' | ၄၂" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၂° | ၂၄' | ၁၇" |
| (တ) | ပင်မအမှတ် (၁၆) | မြောက်လတ္တီတွဒ် | ၁၅° | ၄၂' | ၅၀" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၀° | ၁၄' | ၀၁" |

**မှတ်ချက်။** ကိုသြဒိနိတ်များမှာ နှစ်နိုင်ငံသဘောတူ လက်မှတ်ရေးထိုးခဲ့သော ၁၉၇၆ ခုနှစ်ထုတ် အိန္ဒိယရေပုံအမှတ် (၃၁) နှင့် ၁၉၇၉ ခုနှစ်ထုတ် အိန္ဒိယရေပုံအမှတ် (၄၁) တို့မှ ဖြစ်သည်။

## မြန်မာ - ထိုင်း ပင်လယ်ပြင်နယ်နိမိတ်

၁။ ၁၉၈၀ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့သော မြန်မာ-ထိုင်း ပင်လယ်ပြင်နယ်နိမိတ်မှာ အောက်ဖော်ပြပါ ပင်မအမှတ် (၉) မှတ်အား ဆက်သွယ်ထားသော မျဉ်းဖြောင့်များဖြစ်သည်-

**ဇယား**

| | | | | | |
|---|---|---|---|---|---|
| (က) | ပင်မအမှတ် (၁) | မြောက်လတ္တီတွဒ် | ၀၉° | ၃၂' | ၁၅" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇° | ၅၆' | ၂၀" |
| (ခ) | ပင်မအမှတ် (၂) | မြောက်လတ္တီတွဒ် | ၀၉° | ၃၄' | ၂၉" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇° | ၅၂' | ၁၀" |
| (ဂ) | ပင်မအမှတ် (၃) | မြောက်လတ္တီတွဒ် | ၀၉° | ၃၄' | ၅၄" |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇° | ၅၁' | ၁၂" |

| | | | | | |
|---|---|---|---|---|---|
| (ဃ) | ပင်မအမှတ် (၄) | မြောက်လတ္တီတွဒ် | ၀၉° | ၃၅' | ၃၉'' |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇° | ၄၅' | ၂၉'' |
| (င) | ပင်မအမှတ် (၅) | မြောက်လတ္တီတွဒ် | ၀၉° | ၃၆' | ၀၂'' |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇° | ၄၃' | ၂၉'' |
| (စ) | ပင်မအမှတ် (၆) | မြောက်လတ္တီတွဒ် | ၀၉° | ၃၇' | ၂၄'' |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇° | ၃၇' | ၃၆'' |
| (ဆ) | ပင်မအမှတ် (၇) | မြောက်လတ္တီတွဒ် | ၀၉° | ၄၀' | ၃၅'' |
| | | အရှေ့လောင်ဂျီတွဒ် | ၉၇° | ၂၆' | ၃၆'' |
| (ဇ) | ပင်မအမှတ် (၈) | မြောက်လတ္တီတွဒ် | ၀၉° | ၄၅' | ၃၀'' |
| | | အရှေ့လောင်ဂျီတွဒ် | ၉၆° | ၂၉' | ၃၅'' |
| (ဈ) | ပင်မအမှတ် (၉) | မြောက်လတ္တီတွဒ် | ၀၉° | ၃၈' | ၀၀'' |
| | | အရှေ့လောင်ဂျီတွဒ် | ၉၅° | ၃၅' | ၂၅'' |

**မှတ်ချက်။** ကိုဩဒိနိတ်များမှာ နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့သော ၁၉၇၅ ခုနှစ်ထုတ် ဗြိတိသျှ ရေပုံအမှတ် (၃၀၅၂) နှင့် ဗြိတိသျှရေပုံအမှတ် (၈၃၀) တို့မှ ဖြစ်သည်။

**နောက်ဆက်တွဲ (ဂ)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အိမ်နီးချင်းနိုင်ငံများ၏ ပင်လယ်ပြင်နယ်နိမိတ်မျဉ်းများပြပုံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာ (၅၀၅/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊ ကော့ခလိန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၃၁၂/ရေပူကော့ကျိုက်ကွင်း)၊ ဦးပိုင်အမှတ် (N ၁၄၇၊ N ၁၄၈) တို့ရှိ **ဓမ္မဆာယာဘုန်းတော်ကြီးကျောင်း** အခွန်လွတ်သာသနာမြေဧရိယာ (၁. ၅၆) ဧကအနက်မှ ဦးပိုင်အမှတ် (N ၁၄၈) ၏ တစ်စိတ်တစ်ဒေသ ဧရိယာ **(၀. ၀၄) ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၃၄ နှင့်အညီ **သိမ်ဒါယကာ ဦးထွန်းအောင် [၁၀/ကမရ (နိုင်) ၀၅၅၂၈၃]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၅၀၆/၂၀၁၇)**

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊ ဓမ္မသကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၃၂၁ဏ/ဓမ္မသရွာကွင်း)၊ ဦးပိုင်အမှတ် (N ၁၀) ရှိ **ကျောက်တုံးရေပေါ်ဘုန်းတော်ကြီးကျောင်း** အခွန်လွတ်သာသနာမြေဧရိယာ (၁. ၅၄) ဧကအနက်မှ **(၀. ၀၄) ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၅၂ နှင့်အညီ **သိမ်ဒါယကာ ဦးအောင်ထွန်း [၇/ပခန (နိုင်) ၂၄၂၈၁၁]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၅၀၇/၂၀၁၇)**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂)၊ မြေကွက်အမှတ် (၁၂၉၁)ရှိ **နတ်မောက်ဝိဇ္ဇာသိပ္ပံဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်** အခွန်လွတ်သာသနာမြေဧရိယာ (၁. ၀၃၃) ဧကအနက်မှ **(၀. ၀၃၆) ဧက**အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ ၃၄ နှင့်အညီ **သိမ်ဒါယိကာမ ဒေါ်စမ်းစမ်းအေး [၁၂/ဥကမ (နိုင်) ၁၇၀၃၉၉]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၉၉/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)

၁။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက် (ကြာသပတေး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၇) ၏ အတည်ပြုချက်အရ ပြည်ထဲရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့် (ပ/၃၈၉၀) အား လုပ်ငန်းလိုအပ်ချက်အရ အသက် (၆၀) ပြည့်ပြီးနောက်ရက်ဖြစ်သော ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့အထိ လက်ရှိရာထူးတွင် (၁) နှစ် ဆက်လက်ခန့်ထားလိုက်သည်။

၂။ ပြည်ထဲရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့် (ပ/၃၈၉၀) အား လက်ရှိခံစားလျက်ရှိသော လစာစရိတ် ကျပ် ၅၀၀,၀၀၀/- (ကျပ်ငါးသိန်းတိတိ) နှင့် ချီးမြှင့်ငွေကျပ် ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၁၆) အရ ဆက်လက်ခံစားခွင့်ပြုလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

**[ ယခင်အပတ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၊ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၇) ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး၏ဒေသန္တရစီမံကိန်းဥပဒေမှအဆက် ]**

**အဆင့်မြင့်ပညာဦးစီးဌာန**

(က) ပြည်တွင်းအငြိမ်းစား/ပြည်ပပညာရှင်များ၊ ဆရာ/ဆရာမအသစ်များ ခေါ်ယူခန့်ထားရန်၊ သင်တန်းများဖွင့်လှစ်ရန်၊

(ခ) နိုင်ငံတကာအဆင့်မီ ဘာသာရပ်ဆိုင်ရာများ၊ သင်ရိုးညွှန်းတမ်းများ သင်ကြားမှုနည်းစနစ်များ ရေးဆွဲရန်၊

(ဂ) ပြည်ပသို့ ကာလတို/ကာလရှည် ပညာတော်သင်များ စေလွှတ်ရန်၊

(ဃ) ပြည်တွင်းပြည်ပ Field Trip ထွက်ရန်၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ Seminar များပြုလုပ်ရန်၊

(င) အတန်းအလိုက်၊ ဘာသာရပ်အလိုက် သင်ယူတတ်မြောက်မှုကို တစ်လတစ်ခါ (သို့) နှစ်ဝက် အလိုက် အကဲဖြတ်ရန်၊

(စ) ကျောင်းသားဗဟိုပြု ပုံမှန်အပတ်စဉ် အကဲဖြတ်စနစ်ကျင့်သုံးရန်၊

(ဆ) တက္ကသိုလ်ဆရာ/ဆရာမများနှင့် ဝန်ထမ်းများ၏စွမ်းဆောင်ရည်ကို ပုံမှန်အကဲဖြတ် ဆောင်ရွက်ရန်၊

(ဇ) စိမ်းလန်းစိုပြည်လှပစေမည့် Landscaping များ တည်ဆောက်ရန်နှင့် အရိပ်ရအပင် စိုက်ပျိုး ထိန်းသိမ်းရန်၊

(ဈ) စာသင်ဆောင်အဆောက်အအုံများ ဆောက်လုပ်ရန်နှင့် ခေတ်မီစာသင်ခန်းသုံးပစ္စည်းများ တပ်ဆင်ရန်၊ စာကြည့်တိုက်များတည်ဆောက်ရန်၊ ICT Lab အခန်းများ ဖွင့်လှစ်ပေးရန်နှင့် Network များ တည်ဆောက်ရန်၊

(ည) အားကစားနည်းပြများကို ခေါ်ယူ၍ စနစ်တကျလေ့ကျင့်ပျိုးထောင်ပေးရန်နှင့် လေ့လာရေး စေလွှတ်ရန်၊

(ဋ) ဘာသာရပ်အလိုက် ပြည်တွင်း/ပြည်ပ ပညာသင်ဆုချီးမြှင့်ရန်၊

(ဌ) ကင်းထောက်အဖွဲ့များ ဖွဲ့စည်းရန်နှင့် ခြေလျင်နှင့်တောင်တက်အသင်းဖွဲ့စည်းရန်၊

(ဍ) တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကျင်းပရန်၊

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

(က) ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးအသိပညာပေးရန်နှင့် ရောဂါကာကွယ် တားဆီးရန်၊

(ခ) ရောဂါဖြစ်ပွားလျှင် ထိရောက်စွာကုသမှုပေးရန်၊ အမျိုးသားကျန်းမာရေးမူဝါဒများကို အကောင် အထည်ဖော်ရာတွင် အမျိုးသားကျန်းမာရေးစီမံကိန်းကိုရေးဆွဲ၍ ပြည်သူလူထု၏ ကျန်းမာရေး အတွက် ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရန်၊ ကြိုတင်ကာကွယ်ရေး၊ ကုသရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ကျန်းမာရေးနှင့် နီးနွယ်သည့် အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန်၊

(ဂ) ကျန်းမာရေးအဆင့်မြှင့်တင်နိုင်သော ပြည်သူ့ကျန်းမာရေးလုပ်ငန်းဖြစ်သည့် (မိခင်ကျန်းမာရေး၊ ကလေးကျန်းမာရေး၊ အာဟာရဖွံ့ဖြိုးရေး၊ ကျောင်းကျန်းမာရေး၊ ပျိုရွယ်သူကျန်းမာရေး၊ သက်ကြီးရွယ်အိုကျန်းမာရေး) ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဦးဆောင်၍ စီမံဆောင်ရွက်ရန်၊

(ဃ) ရောဂါကာကွယ်နှိမ်နင်းကုသရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ရန်၊

(င) ကျန်းမာရေးဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို မြှင့်တင်နိုင်သည့်သင်တန်းများပေးရန်၊

(စ) ကျန်းမာရေးအဆင့်မြှင့်တင်သည့်လုပ်ငန်းကို ကျေးလက်ဒေသအောက်ခြေအထိ အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲသွားရန်၊

(ဆ) ထိရောက်သောကျန်းမာရေးပညာပေးလုပ်ငန်းများကို တိကျစွာဆောင်ရွက်ရန်၊

**အားကစားနှင့်ကာယပညာဦးစီးဌာန**

(က) အားကစား အခြေခိုင်မာလာစေရေးအတွက် အားကစားနှင့်ပညာရေးကို ထိထိမိမိ ပေါင်းစည်း ဆက်စပ် ဆောင်ရွက်သွားရန်၊ အားကစားနှင့် ကာယပညာသိပ္ပံတွင် အားကစားနှင့် ပညာရေး ပေါင်းစပ်၍ ပြိုင်တူသင်ကြားပေးမှုအစီအစဉ်ကို ဆောင်ရွက်သွားရန်နှင့် ပြည်သူတစ်ရပ်လုံး ပါဝင်လှုပ်ရှားသည့် လူထုအားကစား (MASS SPORTS) မြှင့်တင် ဆောင်ရွက်သွားရန်၊

(ခ) အားကစားသမားများ ရွေးချယ်ရာတွင် တိကျမှန်ကန်စွာ ရွေးချယ်သွားရန်၊

(ဂ) အားကစားသမားများအား ခေတ်မီတိုးတက်သည့် အားကစားနည်းစနစ်များဖြင့် ထိထိရောက်ရောက် လေ့ကျင့်သင်ကြားပေးသွားရန်၊

(ဃ) အားကစားပစ္စည်းများ ပြည့်ပြည့်စုံစုံရရှိနိုင်ရေး ဆောင်ရွက်ပေးရန်၊

(င) အားကစားကွင်း၊ အားကစားရုံများအား အဆင့်မြှင့်၍ ပြင်ဆင်မွမ်းမံထိန်းသိမ်းသွားရန်နှင့် အသစ်များ တိုးချဲ့တည်ဆောက်သွားရန်၊

(စ) အားကစားလေ့ကျင့်ရေးစခန်းများ တိုးချဲ့တည်ဆောက်သွားရန်၊

(ဆ) အားကစားသုတေသနလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်သွားရန်၊

(ဇ) အားကစားပြိုင်ပွဲ အတွေ့အကြုံတိုးတက်ရရှိစေရေးအတွက် ပြည်တွင်းအားကစားပြိုင်ပွဲများ ဆက်တိုက်ကျင်းပပေးရန်နှင့် ပြည်ပအားကစားပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်စေရန်၊

(ဈ) အားကစားလုပ်ငန်းကို စီးပွားရေးလုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက အားတက်သရော ပါဝင်ကူညီရေးနှင့် အားကစားပရိသတ်များ အဆင့်အတန်းမြင့်မြင့် အားပေးတတ်လာစေရေး စည်းရုံးဆောင်ရွက်သွားရန်၊

(ည) အားကစားသမားများ၏ ဘဝနောင်ရေး အဆင်ပြေစေရေးအတွက် စီမံဆောင်ရွက်သွားရန်၊

**စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

(က) နိုင်ငံတော်၏လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၏မူဝါဒအပေါ် အခြေခံသည့် ဦးစားပေး အစီအစဉ်များဖြင့် ဒေသန္တရစီမံကိန်းများ ရေးဆွဲလျာထားမှုအဆိုပြုရန်၊

(ခ) ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ်အသီးသီးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ ရေးဆွဲလျာထားမှုအဆိုပြုရန်၊

(ဂ) ဒေသန္တရစီမံကိန်းများနှင့် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များရေးဆွဲရာတွင် တိုင်းဒေသကြီး အတွင်း ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုလုပ်ငန်းစီမံချက်များ ဖြစ်ပေါ်ရေး ဆောင်ရွက်ရန်၊

(ဃ) ဒေသန္တရစီမံကိန်းရေးဆွဲရာတွင် ကဏ္ဍများ၊ ဒေသများနှင့် ကဏ္ဍနှင့်ဒေသအချင်းချင်း ညှိနှိုင်း ပေါင်းစပ်မှု အားကောင်းစေရေးအစီအစဉ်များ ထည့်သွင်းဆောင်ရွက်ရန်၊

**ဗဟိုစာရင်းအင်းအဖွဲ့**

(က) စာရင်းအင်းဥပဒေသစ်အရ ယုံကြည်ကိုးစားနိုင်သော၊ ခိုင်မာ၍အရည်အသွေးရှိသော စာရင်းအင်း များကို အချိန်နှင့်တစ်ပြေးညီ စုစည်းကောက်ယူနိုင်ရန်၊

( ခ ) သတ်မှတ်ထားသောစံနှုန်းများနှင့် ကိုက်ညီသောစာရင်းအင်းများပြုစုရာတွင် မြန်မာနိုင်ငံ အမျိုးသား စာရင်းအင်းစနစ်၌ ပါဝင်ကြသည့် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များအား လေ့လာစိစစ်ရန်၊

( ဂ ) စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသော အခြေခံစည်းမျဉ်းများနှင့်အညီ စာရင်းအင်း ဆိုင်ရာစံနှုန်းများ သတ်မှတ်နိုင်စေရေးနှင့် အဆိုပါစံနှုန်းများကိုက်ညီစေရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဃ) စာရင်းအင်းရလဒ်များကို မှားယွင်းဖော်ပြခြင်းမှ ရှောင်ရှားနိုင်ရေးအတွက် စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ နည်းပညာဆိုင်ရာအကူအညီများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လိုအပ်သလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်၊

( င ) တရားဝင်စာရင်းအင်းများနှင့်သက်ဆိုင်သော လုပ်ငန်းအစီအစဉ်များနှင့်အညီ မူလစာရင်းအင်း အချက်အလက်များ ကောက်ယူခြင်း၊ လူမှုစီးပွားဆိုင်ရာ ပုံမှန်စစ်တမ်းများနှင့်အခါအားလျော်စွာ ကောက်ယူသည့်စစ်တမ်းလုပ်ငန်းများကို စာရင်းအင်းစနစ်တွင် ပါဝင်ကြသောအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

( စ ) ဗဟိုစာရင်းအင်းအဖွဲ့သည် စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီ၏အတွင်းရေးမှူးရုံး (Secretariat) အဖြစ်ဆောင်ရွက်ရန်၊

(ဆ) အရည်အသွေးပြည့်ဝ၍ တိကျမှန်ကန်သော စာရင်းအင်းကိန်းဂဏန်းအချက်အလက်များအား ကောက်ယူစုစည်း၍ တိုင်းဒေသကြီး၊ ခရိုင်များနှင့် မြို့နယ်ရုံးခွဲများအကြား စာရင်းအင်း အချက်အလက် ပေးပို့ရန် ကွန်ရက် (Data Communication Network) ချိတ်ဆက် ဆောင်ရွက်ခြင်းနှင့် စုစည်း ထိန်းသိမ်းထားရှိရန်၊

( ဇ ) ဗဟိုစာရင်းအင်းအဖွဲ့က စာရင်းအင်းဆိုင်ရာအချက်အလက်များကို အီလက်ထရွန်နစ်အချက်အလက် ဝန်ဆောင်မှုစနစ် ထူထောင်ခြင်းနှင့်လျှို့ဝှက်ကိစ္စရပ်မှအပ ထုတ်ပြန်သင့်သည့်စာရင်းအင်းများအား ဖြန့်ဝေရန်၊

(ဈ) စာရင်းအင်းများပြုစုရာတွင် စာရင်းအင်းဆိုင်ရာကျွမ်းကျင်မှုနှင့် အရည်အသွေးကိုမြှင့်တင်ရန် စာရင်းအင်းနည်းပညာဖွံ့ဖြိုးရေးသင်တန်းများဖွင့်လှစ်ရန်၊

(ည) မြန်မာအမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်သောအချက်အလက်များကိုအခြေခံ၍ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်၊

**မြန်မာ့စီးပွားရေးဘဏ်**

(က) ATM စနစ်တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

( ခ ) ကွန်ပျူတာကွန်ရက်သုံး ဘဏ်လုပ်ငန်းစနစ် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

( ဂ ) E-Pension စနစ် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဃ) ICT နည်းပညာသုံး ခေတ်မီဘဏ်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

( င ) Quick Cash Online ဘဏ်လုပ်ငန်းဝန်ဆောင်မှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

( စ ) Online Phone Billing System ဝန်ဆောင်မှုပေးရန်၊

(ဆ) E-Remittance System နည်းပညာတိုးချဲ့ဆောင်ရွက်ရန်၊

( ဇ ) Myanmar Mobile Money (MMM) ငွေကြေးဝန်ဆောင်မှုပေးရန်၊

(ဈ) New ICT System (CBM-Net) ပြောင်းလဲဆောင်ရွက်ရန်၊

**မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်**

(က) Bad Customer များ၏ စာရင်းကို နိုင်ငံပိုင်ဘဏ်များအချင်းချင်း အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် ပေးပို့ခြင်း၊

(ခ) ဘဏ်တွင် Domestic Banking လုပ်ငန်းကို ဆောင်ရွက်ခွင့် ရရှိရေးအတွက် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်ရန်၊

(ဂ) နိုင်ငံခြားငွေဖြင့် လက်ရှိဆောင်ရွက်သော ဘဏ်လုပ်ငန်းများအပြင် ဘဏ်တွင် Kyat စာရင်းများ လက်ခံဖွင့်လှစ်ဆောင်ရွက်ခြင်း၊ အဆိုပါ Kyat စာရင်းများကို အချင်းချင်းစာရင်းပြောင်းခြင်း၊ Top up ပြုလုပ်ခြင်း၊ ဘီလ်ပေးဆောင်ခြင်း စသည့် Kyat Transaction များ ဆောင်ရွက်နိုင်ရေး အတွက် Mobile Banking System ကို အသုံးပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်၊

(ဃ) MPU Card System ကို သီးခြား စာရင်းဖွင့်၍ ဆောင်ရွက်နေခြင်းအစား ဘဏ်တွင်အသုံးပြုလျက် ရှိသော Online Banking System နှင့် တိုက်ရိုက်ချိတ်ဆက်၍ ဘဏ်တွင်းရှိ မူလစာရင်းများနှင့် တိုက်ရိုက်ချိတ်ဆက်နိုင်အောင် ဆောင်ရွက်ရန်၊

**မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်**

(က) ဘဏ်၏ဝင်ငွေတိုးမြှင့်ရရှိရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ရန်၊

(က-၁) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်တွင်းပုဂ္ဂလိကဘဏ်များ၊ ပြည်ပအဆက်အသွယ်ဘဏ်များနှင့် ကာလတိုနိုင်ငံခြားငွေချေးငွေ (Money Market) လုပ်ငန်းများ၊ နိုင်ငံခြားငွေကြေးလဲလှယ်ရောင်းဝယ်ရေး (Foreign Exchange Market) လုပ်ငန်းများ၊ အစိုးရငွေတိုက်စာချုပ်လေလံ (Government Security Auction) လုပ်ငန်းများ၊ နိုင်ငံခြားငွေ ဈေးပြိုင်လေလံရောင်းဝယ်ခြင်း (Foreign Exchange Auction) လုပ်ငန်းများ၊ မြန်မာကျပ်ငွေဖြင့် ကာလတိုအပ်ငွေလေလံ (Deposit Auction) လုပ်ငန်းများတွင် တိုးချဲ့ ရင်းနှီးမြှုပ်နှံရန်၊

(က-၂) မြန်မာကျပ်ငွေဖြင့် ချေးငွေထုတ်ချေးခြင်း (Loans to Deposits Ratio) အား လက်ရှိအခြေအနေထက် (၅%) တိုးမြှင့်ထုတ်ချေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(က-၃) ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ (Transactional Banking) မှ ကော်မရှင်နှင့်ဆောင်ရွက်ခရငွေများ တိုးတက်ရရှိအောင် ဆောင်ရွက်ရန်၊

(ခ) ဘဏ်လုပ်ငန်းများအား ခေတ်မီ IT နည်းပညာဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ရန်၊

(ခ-၁) ငွေစုဘဏ်အပ်ငွေနှင့် စာရင်းရှင်အပ်ငွေစာရင်းပိုင်ရှင်များအတွက် ATM Account မှ ATM Card များဖြင့် ငွေထုတ်ယူနိုင်ရေး၊ MPU နှင့် ချိတ်ဆက်၍ အခြားဘဏ်များတွင်လည်း ငွေထုတ်ယူနိုင်ရေးဆောင်ရွက်ရန်၊

(ခ-၂) နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ထားသည့် စာရင်းပိုင်ရှင်များမှ နိုင်ငံခြားငွေအမေရိကန်ဒေါ်လာထုတ်ယူလိုပါက ယခင်ကဘဏ်၏ ငွေထုတ်ကောင်တာတွင် ချက်လက်မှတ်တင်ပြ၍ "ငွေသား" အမေရိကန်ဒေါ်လာအား ထုတ်ယူရခြင်းအစား အမေရိကန်ဒေါ်လာ ၂၀၀၀ အထိအား ATM Card စနစ်ဖြင့် ထုတ်ပေးနိုင်ရေး ဆောင်ရွက်ရန်၊

(ခ-၃) ပြည်တွင်းပြည်ပအရင်းအနှီးဈေးကွက်များတွင် နိုင်ငံတကာငွေရေးကြေးရေး ဈေးကွက်ဆိုင်ရာအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်နှင့် နိုင်ငံခြားငွေရောင်းဝယ်ခြင်း (Foreign Exchange Dealing) တို့ကို Online မှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မည့် နိုင်ငံတကာအဆင့်မီ IT စနစ်ဖြစ်သော Bloomberg LP Dealing Platform အသုံးပြုနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဂ) ဘဏ်၏မတည်ရင်းနှီးငွေအား တိုးမြှင့်ဆောင်ရွက်ရန်၊

(ဃ) နိုင်ငံသားပိုင်လုပ်ငန်းကုမ္ပဏီများအား အပေါင်အာမခံဖြင့် နိုင်ငံခြားသုံးငွေများ ထုတ်ချေးရန်၊

**မြန်မာ့အာမခံလုပ်ငန်း**

(က) မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် တစ်ဆင့်အာမခံလုပ်ငန်းကို ထူထောင်ဖွဲ့စည်း၍ ဆောင်ရွက်သွားရန်၊

( ခ ) သူတစ်ပါးထိခိုက်မှုအာမခံပရီမီယံနှုန်းထားများတိုးမြှင့်ခြင်းနှင့် အကျိုးခံစားခွင့်များ တိုးမြှင့်ပေးလျော်ရန်၊

( ဂ ) ယာဉ်မောင်းလိုင်စင် လက်ခံဆောင်ရွက်ခြင်းအတွက် သူတစ်ပါးထိခိုက်မှုအာမခံပရီမီယံ ကောက်ခံရန်၊

(ဃ) ကျန်းမာရေးအာမခံနှင့်ပတ်သက်၍ (၁-၇-၂၀၁၅) ရက်နေ့မှ စတင်လက်ခံဆောင်ရွက်ခြင်းနှင့် သီလဝါအထူးစီးပွားရေးဇုန် (Thilawa Special Economic Zone) အတွင်းတွင် နိုင်ငံခြားအာမခံကုမ္ပဏီ (၃) ခုဖြစ်သော MSIG Insurance (Singapore) Pte. Ltd; Sompo Japan Nipponkoa Insurance Ince; Tokio Marine Insurance (Thailand) Public Co;Ltd. တို့နှင့် အကျိုးတူအချိုးကျအာမခံလုပ်ငန်းကို မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် ၁၀% တာဝန်ယူ ဆောင်ရွက်ရန်၊

**ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန**

(က) အထက်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲတင်ပြရန်နှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် ဖြည့်စွက်ခန့်မှန်းခြေငွေစာရင်းများအား ရေးဆွဲ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရုံးချုပ်သို့တင်ပြရန်၊

( ခ ) နိုင်ငံတော်၏ရသုံးခန့်မှန်းခြေငွေစာရင်းတွင် မပါဝင်သောကြွေးမြီအပ်ငွေယာယီစာရင်းများ၏ ရငွေနှင့်ထုတ်ပေးငွေများအတွက် နှစ်စဉ်ခန့်မှန်းခြေငွေစာရင်းရေးဆွဲ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရုံးချုပ်သို့တင်ပြရန်၊

( ဂ ) နိုင်ငံတော်အဖွဲ့အစည်းများ၏သာမန်နှင့်ငွေလုံးငွေရင်း အသုံးစရိတ်စာရင်းများအပေါ် အခြေခံ၍ လိုအပ်သောနိုင်ငံခြားသုံးငွေသတ်မှတ်လျာထားချက်များပြုလုပ်ခြင်းနှင့် ပြည်ပနိုင်ငံများ (သို့) ပြည်ပအဖွဲ့အစည်းများသို့ ပေးရန်ရှိသောငွေများအတွက် နိုင်ငံခြားငွေခွင့်ပြုမိန့်များထုတ်ပေးရန်၊

(ဃ) ပြည်ပမှချေးယူငွေများနှင့် ပြည်တွင်းမှချေးယူငွေများအတွက် ငွေစာရင်းထိန်းသိမ်းထားရှိ၍ ထိုချေးငွေများအတွက် ပေးရန်အချိန်စေ့ရောက်သောအတိုးနှင့်အရင်းငွေများ ရှင်းလင်းပေးချေရန်၊

( င ) ဌာနအဖွဲ့အစည်းများမှ တင်ပြလာသော ဘဏ္ဍာရေးစည်းမျဉ်းနှင့်ပတ်သက်သည့်ကိစ္စရပ်များအား ရုံးချုပ်၏ လမ်းညွှန်မှုနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခြင်းနှင့် ဌာနအဖွဲ့အစည်းများက တင်ပြလာသော ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းနှင့်ပတ်သက်သော ကိစ္စရပ်များအား ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိပါက ဌာန၊ အဖွဲ့အစည်းများသို့ ဘဏ္ဍာရေးဆိုင်ရာ ခွင့်ပြုမိန့်များထုတ်ပြန်ပေးခြင်း၊ ဌာန၊ အဖွဲ့အစည်းများမှ မသုံးစွဲဖြစ်၍ ပြန်လည်အပ်နှံလာသော ပိုလျှံငွေများအား စိစစ်လက်ခံပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့သို့တင်ပြ၍ တိုင်းဒေသကြီး၏ "အထွေထွေပိုလျှံရန်ပုံငွေစာရင်း" သို့ ထည့်သွင်းခြင်းများ ဆောင်ရွက်ရန်၊

( စ ) နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေစာရင်းကို ပေါင်းချုပ်ပြုစုခြင်းနှင့် ဗဟို ရန်ပုံငွေစာရင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရုံးချုပ်သို့တင်ပြနိုင်ရေး ပြုစုရေးဆွဲရန်၊

(ဆ) ပြည်သူပိုင်ပြုလုပ်ခဲ့သည့် တိုင်းရင်းသားနှင့် နိုင်ငံခြားသားပိုင် လုပ်ငန်းများအတွက် လျော်ကြေးဆုံးဖြတ်ရေးအဖွဲ့မှဆုံးဖြတ်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက သဘောတူသောကိစ္စများတွင် လျော်ကြေးငွေများ ထုတ်ပေးခြင်းဆောင်ရွက်ရန်၊

**လမ်းဦးစီးဌာန**

(က) လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ P.P.P (Public Private Partnership) အစီအစဉ်ဖြင့်လည်းကောင်း၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍လည်းကောင်း၊ နိုင်ငံခြားချေးငွေ၊ အထောက်အပံ့ငွေများဖြင့်လည်းကောင်း၊ နိုင်ငံတော်ရန်ပုံငွေဖြင့်လည်းကောင်း၊ ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်သွားရန်၊

(ခ) လမ်းဦးစီးဌာနက KOCIA အဖွဲ့အကူအညီဖြင့် ရေးဆွဲနေသည့် Arterial Road Network Development in Myanmar စီမံကိန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနက JICA အကူအညီဖြင့် ရေးဆွဲခဲ့သည့် Transport Master Plan တို့အရ နှစ်ရှည်ပင်မစီမံကိန်းကို ရေးဆွဲခဲ့ပြီး အဆိုပါ နှစ်ရှည်ပင်မစီမံကိန်းကို အခြေခံ၍ ကာလတို (၅) နှစ် စီမံကိန်းအား ရေးဆွဲဆောင်ရွက်ရန် -

- လမ်းတံတားများကို စီမံချက်ဖြင့်ဖောက်လုပ်ခြင်း၊ မွမ်းမံခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊
- အင်ဂျင်နီယာ မူဝါဒများကို ချမှတ်ခြင်း၊ တိုးပွားအောင်ပြုလုပ်ခြင်း၊
- တည်ဆောက်ရေးနှင့်သက်ဆိုင်သည့် ပစ္စည်းအချို့ကို ထုတ်လုပ်ခြင်း၊ ကိုင်တွယ်ခြင်း၊ သုံးစွဲခြင်း၊ အရည်အသွေးစစ်ဆေးပေးခြင်း စသည့်ကိစ္စရပ်များ၌ စက်ကိရိယာများအသုံးပြု၍ ဆောင်ရွက်နိုင်ရန် မူဝါဒလမ်းညွှန်ချက်၊ စီမံချက်များ၊ အစီအစဉ်များ ချမှတ်ပေးခြင်း၊
- တည်ဆောက်ရေးနှင့်သက်ဆိုင်သည့်ပစ္စည်းများ၊ စက်ကိရိယာများ၏ လိုအပ်ချက် ညှိနှိုင်းခြင်း၊ စုပေါင်းခြင်း၊ စံထားခြင်း၊ သတ်မှတ်ချက်တို့ပြုလုပ်ခြင်း၊
- အင်ဂျင်နီယာများ၊ လုပ်သားများ၊ အတတ်ပညာရှင်များ၏ ပညာနှင့်အဆင့်အတန်းတိုးတက်ရေးအတွက် သင်တန်းပေးခြင်း၊

**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

(က) ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒဂုံ၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ သန်လျင်မြို့နယ်တို့တွင် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများ၊ အငှားအိမ်ရာစီမံကိန်းများကို တိုင်းဒေသကြီးအစိုးရနှင့် ပြည်ထောင်စုဝန်ကြီးဌာနပေါင်းစပ်ကာ အကောင်အထည်ဖော်ဆောင်ရွက်ပြီး ပြည်သူတို့၏ အိမ်ရာလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်၊

(ခ) အိမ်ရာစခန်းများနေပြည်သူများ၏ လိုအပ်ချက်ဖြစ်သော အိမ်ရာစခန်းများ၏ ရေဆိုးစွန့်ပစ်ခြင်း၊ မိလ္လာပိုက်လိုင်းများပြုပြင်ခြင်း၊ ရေပိုက်လိုင်းများပြုပြင်ခြင်းလုပ်ငန်းများ၊ အမိုးပြင်ဆင်ခြင်းလုပ်ငန်းများ၊ အိမ်ရာစခန်းများ သန့်ရှင်းသာယာရေးအတွက် စခန်းသာယာရေး ကော်မတီများ၊ အိမ်ရာစခန်းများ သန့်ရှင်းသာယာရေးအတွက် စခန်းသာယာရေးကော်မတီဝင်များ၊ အိမ်ရာစခန်းနေပြည်သူများနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်၊

(ဂ) သက်တမ်းကြာမြင့်နေပြီဖြစ်သော အိမ်ရာစခန်းများရှိ အိမ်ရာများအား ကွင်းဆင်းစိစစ်ပြီး၊ အိမ်ရာအဆင့်အတန်း မြှင့်တင်ခြင်းလုပ်ငန်းများအား တိုင်းဒေသအစိုးရနှင့် ပြည်ထောင်စုရုံးချုပ်နှင့်ပေါင်းစပ်၍ နှစ်အလိုက် တစ်ဆင့်ချင်း ဆောင်ရွက်သွားရန်၊

(ဃ) တိုင်းဒေသကြီး၊ မြို့သစ်စည်ပင်ရေးလမ်းများ ဖောက်လုပ်ခြင်းလုပ်ငန်းများစခန်း စည်ပင်ရေးလုပ်ငန်းများဆောင်ရွက်ရန်၊

(င) တိုင်းဒေသကြီးတွင် မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေပြီး အလုပ်အကိုင် အခွင့်အလမ်းများကို ဖော်ထုတ်ပေးနိုင်မည့် စက်မှုဇုန်များစနစ်တကျ ပေါ်ပေါက်ရေးစီမံကိန်းများ ပေါင်းစပ်ရေးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(စ) တိုင်းဒေသကြီးတွင် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများ၊ အငှားအိမ်ရာစီမံကိန်းများအတွက် အခြေခံအဆောက်အအုံများ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ဆ) တိုင်းဒေသကြီးရှိ ဒေသရုံးခွဲများနှင့် ဝန်ထမ်းများအတွက် အငှားချအိမ်ရာစီမံကိန်းများ (Rental Housing) ကို အကောင်အထည်ဖော် တည်ဆောက်ရန်၊

(ဇ) သက်တမ်းလွန် ပြည်သူ့အိမ်ရာများ ပြန်လည်စည်ပင်ရေး စီမံကိန်းရေးဆွဲခြင်းနှင့် စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ဈ) အိမ်ရာတည်ဆောက်မှုချေးငွေများနှင့် အိမ်ရာဝယ်ယူသူများ၏ အပေါင်ခံချေးငွေများကို CHDB ဘဏ်နှင့် ချိတ်ဆက်ဆောင်ရွက်သည့် အိမ်ရာ ငွေကြေးစနစ်ပီပြင်အောင် ဆောင်ရွက်ရန်၊

(ည) လွှတ်တော်နှင့် နေအိမ်အဆောက်အဦ ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

**ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန**

(က) (၂၀၁၃-၂၀၂၀) ကာလ အထိ အကောင်အထည်ဖော်ရန် ရေးဆွဲထားသော Myanmar Tourism Master Plan အရ နိုင်ငံတွင် အလုပ်အကိုင်သစ်များ ပေါ်ထွန်းရေးနှင့် ဝင်ငွေရရှိမှု နည်းလမ်းများ ပေါ်ထွန်းရေးတို့အတွက် ခရီးသွားလုပ်ငန်း၏ အခန်းကဏ္ဍကိုမြှင့်တင်ရန်၊

(ခ) Master Plan အရ ခရီးသွားလုပ်ငန်း၏ အကျိုးကျေးဇူးများကို ပါဝင်သူအားလုံး တန်းတူညီမျှ ခံစားနိုင်ကြရန်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်းကျင်တောင့်တင်းခိုင်မာရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးစဉ်ဒေသများ စီမံခန့်ခွဲမှု တောင့်တင်းခိုင်မာရေး၊ ခရီးသွားလုပ်ငန်းနှင့် အခြားစီးပွားရေးကဏ္ဍများဆက်စပ်မှု တောင့်တင်းခိုင်မာရေး၊ ခရီးသွားလုပ်ငန်းတွင် အခြေခံ အဆောက်အအုံများအကြား ဆက်စပ်မှု တောင့်တင်းခိုင်မာရေးနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း၏ အမည်အမှတ်တံဆိပ် ပီပြင်စွာပေါ်ပေါက်လာစေရေး စသည့်လုပ်ငန်းများကို ပြည်ထောင်စု ဝန်ကြီး၏ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

(ဂ) ဗဟိုချုပ်ကိုင်မှုစနစ် Centralization ကို တတ်နိုင်သမျှ လျှော့ချပြီး Decentralization ဖြေလျှော့ခြင်း လုပ်ငန်းများအား အလေးထားဆောင်ရွက်သွားရန်၊

(ဃ) အစိုးရသစ်တာဝန်ယူပြီးနောက် ရက် (၁၀၀) အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းများဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆောင်ရွက်ခြင်း (HRD)၊ ရပ်ရွာလူထု အခြေပြုသော ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခြင်း (CBT)၊ ခရီးစဉ် ဒေသသစ်များရှာဖွေဖော်ထုတ်ခြင်း၊ (New Destination Exploration) တို့အား ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

(က) သယ်န်းကျွန်းမြို့နယ်၊ ရွှေပေါက်ကံမြို့နယ်၊ လမ်းမတော်မြို့နယ်၊ ဗဟန်းမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကင်းမြို့နယ်၊ အင်းစိန်မြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ အလုံမြို့နယ်၊ လသာမြို့နယ်များသို့ ရေပိုက် လိုင်းတိုးချဲ့ခြင်း၊ ကွန်ရက်အသစ်ဆက်သွယ်ခြင်းလုပ်ငန်းများ၊ ရေသန့်စင်စက်ရုံ (ညောင်နှစ်ပင်) တွင် အနည်ထိုင်ကန် (B) ကျောက်စီခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ခ) လဂွန်းပြင်ရေသန့်စင်စက်ရုံ သဲရေစစ်ကန်တွင်ကျောက်စရစ်၊ သဲကြမ်းဖြည့်ခြင်း၊ သိုလှောင်ရုံ တည်ဆောက်ခြင်း၊ အနည်ထိုင်ကန် တည်ဆောက်ခြင်း၊ အနယ်စွန့်ကန်တူးဖော်ခြင်း၊ ကွန်ကရစ် ချိန်ဘာ၊ ပိုက်ဒေါက်နှင့် ကွန်ကရစ် ဘလောက်တုံးများ ပြုလုပ်ခြင်း၊ လျှပ်စစ်ပိုင်းဆိုင်ရာလုပ်ငန်းများ၊ ဝန်ထမ်းအိမ်ရာ၊ ကွန်ကရစ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ၊ ဒဂုံမြို့သစ်အရှေ့ပိုင်းရပ်ကွက်တွင် မြေစိုက်ကန် ခြံစည်းရိုးကာရံခြင်း၊ ကြည့်မြင်တိုင်မြို့နယ် အနောက်ဘက်ကမ်းတွင် ခြံစည်းရိုးကာရံခြင်း၊ ဒလမြို့နယ်တွင် ရေအားဖြည့်ပိုက်လိုင်း ဆက်သွယ်ခြင်း၊ ကွန်ကရစ်ကျောက်ခွေနှင့် ရေပေးဝေခြင်း၊ လက်ရိုက်တွင်းများဖြင့် မြေအောက်ရေထုတ်ယူသုံးစွဲခြင်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ်များတွင် မြေအောက်ရေတွင်းများ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဂ) စမ်းချောင်း၊ သာကေတ၊ လှိုင်သာယာမြို့နယ်များတွင် မြေစိုက်ကန် အဝီစိတွင်းနှင့် ရေအားဖြည့် လိုင်းဆက်သွယ်ခြင်း၊ ခရိုင်လေးခရိုင်အတွင်းရှိ မြို့နယ်များတွင် အဝီစိတွင်းနှင့် တွင်းပျက်များ အစားထိုးတူးဖော်ခြင်း၊ မြို့နယ်ရေတွန်းစက်ရုံများတွင် လျှပ်စစ်ပိုင်းအဆင့်မြှင့်တင်ခြင်း၊ ရေလှောင် ကန်ကြီးများရှိ ဝန်ထမ်းအိမ်ရာများသို့ ဓာတ်အားလိုင်းအဆင့်မြှင့်တင်ခြင်း၊ လှော်ကား ရေတွန်း စက်ရုံတွင် ရေမြှုပ်ပန့်ဝယ်ယူခြင်း၊ ရေတွန်းစက်ကြီးများသို့ ဗို့အားမြှင့်ရန်အတွက် Starter Pannel နှင့် Motor များ ဝယ်ယူခြင်း၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ ဝယ်ယူခြင်းလုပ်ငန်းများ၊ ကုက္ကိုဝ ရေပေးဝေရေးစီမံကိန်းတွင် လျှပ်စစ်ပိုင်းဆိုင်ရာဆောင်ရွက်ခြင်း၊ မိလ္လာစွန့်ပစ်ခြင်းအတွက် လျှပ်စစ်ပိုင်းဆိုင်ရာ ဆောင်ရွက်ခြင်း၊ မိလ္လာကန်အဖုံးများ အသစ်အစားထိုးလဲလှယ်ခြင်း၊ လေပိုက်များ အစားထိုးလဲလှယ်ခြင်း၊ ပင်မလေမှုတ်စက်ရုံနှင့် (၁၀) လမ်း လေမှုတ်စက်ရုံတွင်

လေဘားများလဲလှယ်ခြင်း၊ ရေဆိုးသန့်စင် စက်ရုံတွင် Sludge များ စုပုံကန်ပြုလုပ်ခြင်းနှင့် Chemical ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဃ) ခရိုင် (၄) ခရိုင်ရှိ လိုအပ်သော မြို့နယ်များတွင် ရေအား ပိုမိုကောင်းမွန်စေရန် HDPE ပိုက်များ ဆက်သွယ်ခြင်း၊ အဝီစိတွင်းများမှ ရေစက်များတွင် လိုအပ်သော လျှပ်စစ်ပစ္စည်းများ လဲလှယ်ခြင်း၊ ဒဂုံတောင်ပိုင်းရေပေးဝေရေးစခန်း အမှတ် (၁) တွင် Compound Starter house တည်ဆောက်ခြင်း၊ ဗဟန်း ရေတွန်းစက်အမှတ် (၃) တွင် 5 KW အစား၊ 11 KW ဖြင့် လဲလှယ်ခြင်း၊ မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက် ရေတွန်းစက်တပ်ခြင်း၊ လှိုင်သာယာ စက်မှု (ဇုန်) တွင် ရေတွန်းစက် (၂) လုံး တပ်ဆင်ခြင်းနှင့် ရေစက်အိမ်များဆောက်ခြင်း၊ ရေတွန်းစက်နှင့် Starter များ၊ Engine & Compressor များဝယ်ယူခြင်း၊ Submersible Motor & Pump များနှင့် မီးအားမြှင့်စက်များ ဝယ်ယူခြင်း၊ ဗဟန်းတက္ကသိုလ်ရိပ်သာလမ်းတွင် Pump တပ်ဆင်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အင်းစိန်၊ မရမ်းကုန်းမြို့နယ် ရေပိုမို ရရှိစေရန် အောက်မင်္ဂလာဒုံလမ်းတွင် ထပ်ဆင့် ရေတွန်းစက်ရုံ တည်ဆောက်ခြင်း၊ ရေတွန်း စက်ထိုင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပိုက်လိုင်းတစ်လျှောက် ကြံ့ခိုင်မှုရရှိစေရန် ပိုက်ဒေါက်ပြုလုပ်ခြင်း၊ သံပြားကပ်ခြင်း နှင့် Concrete Slab များ ပြုလုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊ မြို့နယ် (၄) မြို့နယ် နောက်ဖေး လမ်းကြားနှင့် မိလ္လာလိုင်းများနှင့် မိလ္လာကန်များ အသစ် တည်ဆောက်ခြင်း၊ လမ်းမကြီးများနှင့် လမ်းသွယ်များတွင် မိလ္လာပြွန်စနစ် တည်ဆောက်ခြင်း၊ ရေဆိုးသန့်စင်စက်ရုံ အဆင့်မြှင့်တင်ခြင်းနှင့် တိုးချဲ့ တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ပ အကူအညီ ရရှိပါက ဆောင်ရွက်ရန်၊

( င ) မရမ်းကုန်းမြို့နယ်၊ မီးသတ်ဝင်းတွင် (၆) ခန်းတွဲ (၆) ထပ် ဝန်ထမ်းအိမ်ရာ (၁) လုံး၊ ဒဂုံဆိပ်ကမ်း စက်ယာဉ်ဝင်းတွင် (၆) ခန်းတွဲ (၆) ထပ် ဝန်ထမ်းအိမ်ရာ (၁) လုံး၊ အင်းစိန်မြို့နယ် ချမ်းမြေ့ အိမ်ရာတွင် (၆) ခန်းတွဲ (၆) ထပ် ဝန်ထမ်းအိမ်ရာ (၂) လုံးနှင့် အလုံမြို့နယ်၊ သစ်တောလမ်း မော်တော်ယာဉ် ဝန်ထမ်းအိမ်ရာတွင် (၆) ခန်းတွဲ (၆) ထပ်ဝန်ထမ်းအိမ်ရာ (၁) လုံး တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်၊ လသာမြို့နယ်၊ (၁၇) လမ်းတွင် Basement + ၇ ထပ်တိုက် (၁) လုံး ဆောက်လုပ်ခြင်းလုပ်ငန်းကို PPP စနစ်ဖြင့် ဆောင်ရွက်ရန်၊

( စ ) ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး သံဖြူရုံအမိုးနှင့်ကွန်ကရစ်ကွာကျမှုများ ပြုပြင်ခြင်း၊ လှိုင်သာယာမြို့နယ်၊ ပိတောက်မြိုင်ဈေး ဈေးရုံများ (၂) ထပ် အဆင့်မြှင့်တင်ခြင်းနှင့် လျှပ်စစ်မီးများ အကြီးစားပြုပြင်ခြင်းများ ဆောင်ရွက်ရန်၊ တောင်ဥက္ကလာပမြို့နယ် နန္ဒဝန်ဈေးနှင့် မရမ်းကုန်း မြို့နယ် မြရတနာဈေး အဆင့်မြှင့်တင်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို PPP စနစ်ဖြင့် ဆောင်ရွက်ရန်၊

(ဆ) မြို့နယ်များရှိ နှစ်ကာလကြာမြင့်ပြီဖြစ်သောရုံး၊ အဆောက်အဦများ၊ သန့်ရှင်းရေးတာဝန်ခံရုံးများ စတို၊ မော်တော်ယာဉ်ဌာနခွဲများကို သန့်ရှင်းသပ်ရပ်သည့် အဆောက်အဦများအဖြစ်ပြုပြင်ခြင်း၊ ရန်ကုန်မြို့၏ စွန့်ပစ်အမှိုက်မှ မီးရှို့၍ စွမ်းအင်ထုတ်လုပ်သည့် စက်ရုံတွင် လိုအပ်သည့် အဆောက် အဦများဆောက်လုပ်ခြင်း Recycle စက်ရုံအား စက်များ ထပ်မံတိုးချဲ့ခြင်း၊ သန့်ရှင်းရေးဝန်ထမ်း အိမ်ရာများအား ယခင်သွပ်မိုး၊ ထရံကာ အစား၊ အုတ်ဖိနပ်၊ သွပ်မိုးကွန်ပို့စ်ကာ ငါးထပ်သားခန်းသည့် အိမ်ရာများအဖြစ် ပြုပြင်ဆောက်လုပ်ခြင်းနှင့် အုတ်ဘာရှာများအဖြစ် ဆောက်လုပ်ပေးခြင်း၊ သုသာန်များအား အဆင့်မြှင့်တင်ခြင်း၊ အမှိုက်သိမ်းရာတွင် အဆင်ပြေစေရေးအတွက် အမှိုက်သိမ်း ယာဉ်များ ဖြည့်တင်းခြင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်ရန်၊

( ဇ ) မြောက်ဥက္ကလာပမြို့နယ်ရှိ ဝေဘာဂီ (ဒ) ရပ်ကွက် ကစားကွင်း၊ (ခ) ရပ်ကွက်ကစားကွင်း၊ (ဋ) ရပ်ကွက် ကစားကွင်း၊ (ဈ) ရပ်ကွက်ကစားကွင်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၃၈) ရပ်ကွက်ကစားကွင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၁၀၄) ရပ်ကွက်ကစားကွင်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် (၃) ရပ်ကွက်ကစားကွင်း၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် (၈၇) ရပ်ကွက် ကစားကွင်း၊ ဒေါပုံမြို့နယ် လမုတန်းရပ်ကွက် ကစားကွင်း၊ ရွှေပြည်သာမြို့နယ် (၁၂) ရပ်ကွက် ကစားကွင်း၊ လှိုင်သာယာမြို့နယ်

(၉) ရပ်ကွက် ကစားကွင်း၊ သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးတောင် သွပ်ဝိုင်းကြီးရပ်ကွက် ကစားကွင်း၊ စုစုပေါင်း ကစားကွင်း (၉) ကွင်းအား မြေဖို့ သဲခင်းခြင်း၊ အဝင်လမ်းနှင့် မြေကာနံရံများ ဆောင်ရွက်ခြင်း၊ ဘောလုံးကွင်းအသစ်တည်ဆောက်ခြင်း၊ Chain Link ခြံစည်းရိုးကာရံခြင်း၊ မင်္ဂလာတောင်ညွန့် မြို့နယ် ကန်တော်ကြီး ကျွန်းကူးတံတား (၃၂၀၀′) အရှည်အား မွမ်းမံပြုပြင်ခြင်းနှင့် ကန်တော်ကြီး မြေထိန်းနံရံ (၅၀၀′) အရှည်ပြုလုပ်ခြင်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ဒဂုံသီရိပန်းခြံမြေဖို့ခြင်း၊ ရေလှောင်ကန်တည်ဆောက်ခြင်း၊ ရေပိုင်းနှင့်မီးပိုင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း၊ အင်းစိန် မြို့နယ်ရှိ ထန်းပင်ကုန်းတြိဂံပန်းခြံအား မြေဖို့ခြင်း၊ အုတ်+သံပန်းခြံစည်းရိုးပြုလုပ်ခြင်း၊ ၄′ အကျယ် Inter lock အတွင်းပတ်လမ်းခင်းခြင်း၊ ၁ ပေ ၃ လက်မ အကျယ် ၁ ပေအနက် အုတ်မြောင်း ပြုလုပ်ခြင်း၊ ရေလှောင်ကန်တည်ဆောက်ခြင်း၊ ရေပိုင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တာဝန်ခံ ရုံးခန်းတည်ဆောက်ခြင်း၊ လျှပ်စစ်ပိုင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် မြေယာရှုခင်း များဆောင်ရွက်ခြင်း၊ ပျိုးပင်များ မျိုးပွားထုတ်လုပ်ခြင်း၊ ပြည်သူ့ရင်ပြင်နှင့်ပြည်သူ့ဥယျာဉ်အတွင်း လေယာဉ်ပျံ၊ မီးရထား၊ လမ်းကြိတ်စက်၊ နက္ခတ်တာရာပြခန်း အဆောက်အဦများနှင့် ခြံစည်းရိုး တို့အား ဆေးသုတ်ခြင်း၊ လေယာဉ်ပျံနှင့် နက္ခတ်တာရာပြခန်း အဆောက်အဦရှိ Aircon များအား Servicing ပြုလုပ်ခြင်း၊ အသစ်လဲလှယ်တပ်ဆင်ခြင်း၊ လျှပ်စစ်ပိုင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေလှောင်ကန် (၂) လုံးတည်ဆောက်ခြင်းနှင့် ရေပိုင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ခြင်း၊ ဒဂုံ (တောင်ပိုင်း) မြို့နယ် တောင်ဒဂုံပန်းခြံအတွင်း မြေကြီးဖို့ခြင်း၊ အုတ် + သံပန်း ခြံစည်းရိုးပြုလုပ်ခြင်း၊ ၄′ အကျယ် နှင့် ၆′ အကျယ် Interlock လမ်းခင်းခြင်း၊ ၁ ပေ ၃ လက်မ အကျယ် ၁ ပေ အနက် အုတ်ရေမြောင်း ပြုလုပ်ခြင်း၊ Sprinkler များတပ်ဆင်ခြင်းနှင့် ရေပိုင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တာဝန်ခံ ရုံးခန်းတည်ဆောက်ခြင်း၊ လုံခြုံရေးမီးတိုင်များစိုက်ထူခြင်း၊ လျှပ်စစ်ပိုင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် မြေယာရှုခင်းများ ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဈ) Backup Data Center အဆင့်မြှင့်တည်ဆောက်ခြင်း၊ လက်ရှိ Data Center အား ပုံမှန်ပြင်ဆင် ထိန်းသိမ်းမှုများဆောင်ရွက်ခြင်း၊ ဌာနများအတွက်လိုအပ်သော ICT ဆက်စပ်ပစ္စည်းများ ဝယ်ယူ ဖြည့်တင်းခြင်း၊ ဌာနများအတွက် Online Application အသစ်များ ပြင်ဆင်ရေးသားခြင်းနှင့် ကော်မတီ၏ Web Portal အား အဆင့်မြှင့်တင်ပြုပြင်ရေးသားခြင်း၊ ICT သင်တန်းများ ဖွင့်လှစ်ခြင်းနှင့် ပြင်ပအဆင့်မြင့်နည်းပညာသင်တန်းများစေလွှတ်ခြင်းတို့ဆောင်ရွက်ရန်၊

(ည) စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်း လမ်းခင်းခြင်း၊ ရေမြောင်းများ ချဲ့ထွင်ခြင်း၊ Culvert များပြုလုပ်ခြင်း၊ ဘုရင့်နောင်ပွဲရုံနှင့်ကုန်တင်ယာဉ်ရပ်နားစခန်းတွင် ကားပါကင်ပြုလုပ်ခြင်း၊ မြေထိန်းနံရံပြုလုပ်ခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်းတွင် ကွန်ကရစ်လမ်းခင်းခြင်း၊ အုတ်ရေမြောင်းပြုလုပ်ခြင်း၊ လုံခြုံရေးမီးတိုင်များ စိုက်ထူခြင်း၊ ငါးပိ ငါးခြောက်၊ ငံပြာရည်နှင့် အနှံ့လုပ်ငန်း စီမံကိန်းဇုန်တွင် မြေသားလမ်းများ ကွန်ကရစ်ခင်းခြင်း၊ ဓာတ်အားခွဲရုံတည်ဆောက်ခြင်း၊ ရန်ကုန်အနောက်ပိုင်း ကုန်တင်ယာဉ် ရပ်နား စခန်းတွင် သန့်စင်ခန်း ဆောက်လုပ်ခြင်း၊ ဒဂုံဧရာပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းတွင် ရေပိုက်များ ပြောင်းရွှေ့သွယ်တန်းခြင်း၊ ကွန်ကရစ်ခင်းခြင်း၊ ဒဂုံမြောက် ယာဉ်မောင်းသင် လေ့ကျင့်ရေးစခန်းတွင် ခြံစည်းရိုးကာရံခြင်း၊ ကွန်ကရစ်ခင်းခြင်း၊ လမ်းအသုံးပြုခကောက်ခံရေး စခန်းများတွင် လမ်းများခင်းခြင်း ဆောင်ရွက်ရန်၊

(ဋ) မြို့တော်အဆင့်မြင့် လမ်းတံတားလုပ်ငန်း (၅၁၉) ခုအား အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ မြို့နယ်များအတွင်း ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို ပြည်ပအကူအညီရရှိပါက ဆောင်ရွက်ရန်၊

(ဌ) အသားထုတ်လုပ်ရေးဌာနခွဲ၊ (အမဲ) နှင့် (ဝက်) ရွာသာကြီးရှိ မြေအောက်ရေလိုင်းများပြုပြင်ခြင်း၊ အနောက်ပိုင်းခရိုင်ရုံး (ဆင်မလိုက်) ရုံး တည်ဆောက်ခြင်း၊ လှိုင်သာယာ မွေးမြူရေးဇုန်ရှိ ဝက်သတ်ရုံ မြေနေရာတွင် အခန်း (၁၀) ခန်းပါ အဆောက်အဦ (၂) လုံး တည်ဆောက်ခြင်း၊ ရေ၊ မီး ဆက်သွယ်ခြင်း၊ အသားထုတ်လုပ်ရေး (ဝက်)၊ လှိုင်သာယာ စက်မှုဇုန်ရှိ လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဍ) ငွေသော်တာ၊ မြကန်သာ ကွင်းတို့တွင် ရေစိမ့် ပိုက်လိုင်းများ သွယ်တန်းခြင်း၊ သဲခင်းခြင်း၊ မြက်ခင်းများ ပြုပြင်ခြင်း၊ မြေယာရှုခင်းများဆောင်ရွက်ခြင်းနှင့် ရွှေပြည်သာ မြက်ပျိုးခင်းတို့တွင် နိုင်ငံခြား မြက်မျိုးများ ပြုစုထိန်းသိမ်းခြင်း၊ ငွေသော်တာနှင့် မြကန်သာကွင်းအတွင်းလမ်းများ၊ ရေမြောင်းများ၊ တံတားပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်း၊ ငွေသော်တာနှင့် မြကန်သာအတွင်းရှိ ကျောက်စီကန်များ ပြုပြင်ခြင်း၊ မြကန်သာကလပ်ဟောက်(စ်) တွင် Suptic Tank (၁) လုံး ပြန်လည်တည်ဆောက်ခြင်း၊ ငွေသော်တာကလပ်နှင့် မြကန်သာ ကလပ်အနီးတွင် လုံခြုံရေးမီးတိုင်များ စိုက်ထူခြင်း၊ 6.6 Insulate Cable လဲလှယ်ခြင်း (ပေ ၃၈၀၀)၊ ငွေသော်တာ ကယ်ဒီဆောင်ရှေ့ မျက်နှာစာအား လေကာ/နေကာ မှန်များ ပြန်လည်ပြုပြင်ခြင်းနှင့် ရေချိုးခန်းများ ပြန်လည်ပြုပြင်ခြင်း၊ မြကန်သာ ကယ်ဒီဆောင် ရေချိုးခန်းပြုလုပ်ဆောင်ရွက်ခြင်း၊ မြကန်သာရေစက် အိမ်အမိုးအကာ ပြန်လည် ပြင်ဆင်ခြင်း၊ ရွှေပြည်သာ မြက်ပျိုးခင်းတွင် WA လုပ်သားများအတွက် (၁၀ ပေ ၁၀ ပေ) (၆) ခန်းတွဲ လုပ်သားတန်းလျား (၁၂) လုံး တည်ဆောက်ခြင်း၊ မြကန်သာ ကလပ်ဟောက်(စ်) အမိုးပြုလုပ်ခြင်း၊ ငွေသော်တာကွင်း အတွင်းရှိ ဘားများနှင့် အိမ်သာအမိုးများ ပြန်လည်ပြုပြင်ခြင်း၊ ကွင်းအတွင်းရှိ အဆောက်အဦများအား ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်ရန်၊

**စည်ပင်သာယာရေးအဖွဲ့**

(က) မြို့ပြလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ခ) မြို့ရေစီးရေလာကောင်းမွန်ရေးအတွက် တံတားများ၊ Box Culvert များ တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်။

(ဂ) မြို့ပြရေပေးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဃ) မြို့ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများပြုလုပ်ခြင်း၊ ဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်၊

(င) အများပြည်သူသွားလာရန် လမ်းဘေးဝဲ/ယာ ပလက်ဖောင်းများ ပြုလုပ်ခြင်း၊ ပြင်ဆင် ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်၊

(စ) မြို့သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဆ) မြို့သာယာလှပရေးလုပ်ငန်းနှင့်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဇ) လမ်းမီးထွန်းညှိခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဈ) အများသုံးသန့်စင်ခန်းများတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ည) စည်ပင်သာယာရေးအဖွဲ့ပိုင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဋ) ပန်းဥယျာဉ်၊ ပန်းခြံများ၊ အပန်းဖြေအနားယူစခန်းများ တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဌ) စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအား အကျိုးတူစနစ်ဖြင့် အဆင့်မြှင့်တင်ခြင်း၊ ကြီးကြပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဍ) အဆင့်မြင့်ကားကြီးဝင်းများ၊ ယာဉ်ရပ်နားစခန်းများ အကျိုးတူစနစ်ဖြင့် တည်ဆောက်ခြင်း၊ ကြီးကြပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ပ) နွားပွဲဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဏ) အများပြည်သူအကျိုးပြု စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

# ရန်ကုန်တိုင်းဒေသကြီး
# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီးဘတ်ဂျက်ဖြင့်ဆောင်ရွက်မည့်
# လုပ်ငန်းစီမံကိန်းများနှင့်ရင်းနှီးမြှုပ်နှံမှုလျာထားချက်

(ကျပ်သန်း)

| စဉ် | | စီမံကိန်းအမည် | လျာထားချက် |
|---|---|---|---|
| ၁ | | ၂ | ၃ |
| **၁** | | **ဗဟိုအဖွဲ့အစည်းများ** | **၆၂၈၈၀. ၂၅၅** |
| | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၆၂၁၄၉. ၉၅၅ |
| | ၂ | တိုင်းဒေသကြီးလွှတ်တော် | ၅၄. ၉၀၀ |
| | ၃ | တိုင်းဒေသကြီးဥပဒေချုပ်ရုံး | ၆၀၆. ၃၀၀ |
| | ၄ | တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | ၆၉. ၁၀၀ |
| **၂** | | **ပြည်ထဲရေးဝန်ကြီးဌာန** | **၁၃၅၁၆. ၈၀၉** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၂၇၁၉. ၅၁၀ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၅၄၇. ၈၉၀ |
| | ၃ | မီးသတ်ဦးစီးဌာန | ၁၀၂၄၉. ၄၀၉ |
| **၃** | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန** | **၂၀၂. ၄၅၆** |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | ၉၉. ၀၇၈ |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ၈၅. ၀၂၈ |
| | ၃ | သမဝါယမဦးစီးဌာန | ၃. ၃၅၀ |
| | ၄ | အသေးစားစက်မှုလက်မှုဦးစီးဌာန | ၁၅. ၀၀၀ |
| **၄** | | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** | **၅၈၃. ၉၃၀** |
| | ၁ | သစ်တောဦးစီးဌာန | ၆. ၈၄၀ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ၅၇၇. ၀၉၀ |
| **၅** | | **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန** | **၁၂၈၁. ၉၄၄** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | ၁၂၈၁. ၉၄၄ |
| **၆** | | **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန** | **၄၀၄. ၆၇၅** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၃၇၃. ၅၃၅ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | ၂၁. ၉၄၀ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၉. ၂၀၀ |
| **၇** | | **ဆောက်လုပ်ရေးဝန်ကြီးဌာန** | **၁၇၃၃၃. ၉၀၃** |
| | ၁ | လမ်းဦးစီးဌာန | ၁၆၅၉၉. ၁၀၈ |
| | ၂ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၇၃၄. ၇၉၅ |
| **၈** | | **တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံး** | **၃၉၉. ၅၀၀** |
| **၉** | | **ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ** | **၁၆၉၉၆၂. ၁၃၀** |
| **၁၀** | | **စည်ပင်သာယာရေးအဖွဲ့များ** | **၁၁၈၉၂. ၁၆၇** |
| | | **စုစုပေါင်း** | **၂၇၈၄၅၇. ၇၆၉** |

## မြို့ပြဖွံ့ဖြိုးမှုမဟာဗျူဟာစီမံကိန်းရေးဆွဲခြင်း (Master Plan)
## Strategic Urban Development Plan

မြို့ပြဖွံ့ဖြိုးမှုမဟာဗျူဟာစီမံကိန်းရေးဆွဲခြင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် Yangon City Development Committee နှင့် ဂျပန်နိုင်ငံ JICA (Japan International Cooperation Agency), ကိုရီးယားနိုင်ငံ KOICA (Korea International Cooperation Agency) တို့နှင့်ပူးပေါင်းဆောင်ရွက်မှုအပြင် ပြင်သစ်နိုင်ငံ AFD (Agency For French Development) နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အင်္ဂလန်နိုင်ငံ DFID (Department For International Development) မှလည်း စက်မှုဇုန်များ ဖွံ့ဖြိုးရေးအတွက် လေ့လာမှုများ ဆောင်ရွက်လျက်ရှိပါသည်။

**ရည်မှန်းချက်များ**

(၁) ဖွံ့ဖြိုးတိုးတက်မှုမျှော်မှန်းချက်များကိုတင်ပြရန်၊

(၂) ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာများနှင့်မူဝါဒများကိုတင်ပြရန်၊

(၃) ဦးစားပေးစီမံကိန်းများကိုတင်ပြရန်၊

**စီမံကိန်းဧရိယာ**

ရန်ကုန်တိုင်းဒေသကြီး၊ မဟာရန်ကုန် (1500 km$^2$) အပါအဝင် ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံး (10,170 km$^2$) ဖြစ်ပါသည်။ စီမံကိန်း ရည်မှန်းနှစ်ကို ၂၀၄၀ ခုနှစ်အထိ ရည်မှန်းချက်များ၊ စီမံကိန်းများ ချမှတ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အောက်ပါ နှစ်အပိုင်းအခြားအလိုက် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကာလတို (၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ) ၅ နှစ်စီမံကိန်း

ကာလလတ် (၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ) ၁၀ နှစ်စီမံကိန်း

ကာလရှည် (၂၀၁၆ ခုနှစ်မှ ၂၀၃၅ ခုနှစ်အထိ) ၂၀ နှစ်စီမံကိန်း

SUDP Strategic Urban Development Plan of Greater Yangon တွင် အောက်ပါတို့ကို ပါဝင်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၁) ဖွံ့ဖြိုးတိုးတက်မှုမျှော်မှန်းချက်များ

(၂) မြို့ပြဖွဲ့စည်းတည်ဆောက်ပုံ

(၃) မြို့သစ်များဖွံ့ဖြိုးတိုးတက်မှု

(၄) CBD ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ

(၅) အိမ်ရာဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း

(၆) မြို့ပြပြန်လည်ဖွံ့ဖြိုးရေး

(၇) အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး

(၈) ဦးစားပေးစီမံကိန်းများ

(၉) မြို့ပြဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတွက်ဘဏ္ဍာငွေထောက်ပံ့ခြင်း

(၁၀) စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု

**(၁) ဖွံ့ဖြိုးတိုးတက်မှုမျှော်မှန်းချက်များ**

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ဗဟိုအချက်အချာ မြို့တော်ဖြစ်လာစေရန် အပြည်ပြည် ဆိုင်ရာဆိပ်ကမ်း (ပင်လယ်နှင့်မြစ်ချောင်း)၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၊ စီးပွားရေး စကြံ်များ၊ SEZ နှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုများ ပါဝင်ရန်၊

ပညာဗဟုသုတရရှိနိုင်သော၊ သက်သောင့်သက်သာရှိသော မြို့တော်ဖြစ်လာစေရန် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု (R&D)၊ ရှေးဟောင်းအမွေအနှစ်များ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်း၊ နေထိုင်မှုပတ်ဝန်းကျင်နှင့် စိမ်းလန်းစိုပြည်သော ဥယျာဉ်မြို့တော်များပါဝင်ရန်၊

အခြေခံအဆောက်အအုံများ ပြည့်စုံသော မြို့တော်ဖြစ်လာစေရန် ပေါင်းစပ်ထားသော အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှု၊ အများပြည်သူ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ လူမှုဝန်ဆောင်မှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပါဝင်ရန်၊

အုပ်ချုပ်မှုကောင်းမွန်သော မြို့တော်ဖြစ်လာစေရန် တရားဥပဒေစိုးမိုးရေး၊ လူမှုရေးအရ အကျိုးဖြစ်ထွန်းမှု၊ ဘဏ္ဍာရေးနှင့်အခွန် ကောက်ခံရန်၊ တက်ကြွသောလုပ်ရှားမှုများနှင့် စွမ်းဆောင်ရည် မြှင့်တင်မှုများ ပါဝင်ရန်၊

## (၂) မြို့ပြဖွံ့စည်းတည်ဆောက်ပုံ

(က) ကျစ်လျစ်သိပ်သည်းခြင်း

- မြို့ပြင်ပတ်လမ်းအတွင်းဘက်တွင် မြို့ပြချဲ့ထွင်ခြင်း ကန့်သတ်ထားရန်၊

(ခ) Decentralization (နယ်မြေများကိုဖြန့်ထုတ်ခြင်း)

- မြို့တွင်းတွင် စုဝေးနေသောလုပ်ငန်းများကို မြို့ပြင်သို့ ဖြန့်ထုတ်ရန်၊

(ဂ) ဖွံ့ဖြိုးရေးဝင်ရိုး (၃) ခု

- လမ်းမကြီး (၃) ခုနှင့် ရထားလမ်းများကို အဆင့်မြှင့်တင်ရန် (အောက်မင်္ဂလာဒုံလမ်းမ၊ ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမနှင့် မီးရထားသံလမ်းများ)

(ဃ) မြို့သစ် (၃) မြို့

- ကြည့်မြင်တိုင်မြို့သစ်၊ ဒဂုံအရှေ့မြို့သစ်နှင့် ဒလမြို့သစ် စသည့် မြို့ဆင်ခြေဖုံးဒေသများကို အကြီးစားဖွံ့ဖြိုးမှုများပြုလုပ်ရန်၊ MRT (Mass Rapid Transport), BRT (Bus Rapid Transit) ကဲ့သို့သော အများသုံးသယ်ယူပို့ဆောင်ရေးများဖြင့် ချိတ်ဆက်ရန်၊ သင့်လျော်သော မြေနေရာများ ရွေးချယ်ရာတွင် မြေနိမ့်ဒေသများ၊ ရေကြီးခြင်း ရှိ/မရှိ အကဲဖြတ်ရန်၊ ရေကြီးခြင်းကာကွယ်ရေးအတွက် ကုန်ကျစရိတ်များ တွက်ချက်ရန်၊

(င) CBD (Central Business District) ပြန်လည်ဆန်းသစ်ခြင်း

- လျှောက်လမ်းများ၊ ဂေဟစနစ်နှင့် ဆက်စပ်သည့် ရိုးရာများကို ပြန်လည်ပြုပြင်ရန်၊

(စ) လမ်းပန်းဆက်သွယ်ရေး

- လွယ်ကူချောမွေ့သည့် ပို့ဆောင်ဆက်သွယ်ရေး ချိတ်ဆက်မှုများနှင့် အကောင်အထည်ဖော်ရန် (ရထား၊ ဘတ်စ်ကား၊ ရေကြောင်းနှင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးများကို အဆင့်မြှင့်တင်ခြင်း)

## (၃) မြို့သစ်များဖွံ့ဖြိုးတိုးတက်မှု

ဗဟိုခွဲများ၊ မြို့သစ်များ၊ ရထားဘူတာရုံများ၊ စက်မှုဇုန်များ ပါဝင်ရန်၊

ဗဟိုခွဲများဖွံ့ဖြိုးတိုးတက်မှု

- မရမ်းကုန်းမြို့နယ်ရှိ မင်းဓမ္မ ဒုတိယဗဟိုစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Secondary CBD) ဧရိယာ ၅၀ ဧကကို ကာလတို စီမံကိန်းအဖြစ် ကုန်သွယ်မှုစင်တာများ၊ ဘဏ်လုပ်ငန်းများ၊ စီမံအုပ်ချုပ်ခြင်းများ အကောင်အထည်ဖော်ရန်၊
- အင်းစိန်မြို့နယ်ရှိ မင်းဓမ္မ (Secondary CBD) ဧရိယာ ၁၅၀ ဧကကို ကာလလတ် စီမံကိန်းအဖြစ် ကုန်သွယ်မှု စင်တာများ၊ ဘဏ်လုပ်ငန်းများ၊ စီမံအုပ်ချုပ်ခြင်းများ အကောင်အထည်ဖော်ရန်၊

- ရန်ကင်းမြို့နယ်ရှိ ရန်ကင်းဗဟိုခွဲဇုန်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Yankin Sub-center) ဧရိယာ ၂၀၀ ဧကကို ကာလတို စီမံကိန်းအဖြစ် ကုန်သွယ်ရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများနှင့် အခြားလုပ်ငန်းများဖြင့် အကောင်အထည်ဖော်ရန်၊
- သန်လျင်မြို့နယ်ရှိ Thilawa SEZ Sub-center ဧရိယာ ၁၀၀ ဧကကို ကာလတို စီမံကိန်း၊ ကျောက်တန်းမြို့နယ်ရှိ Thilawa SEZ Sub-center ၂၀၀ ဧကကို ကာလရှည် စီမံကိန်းအဖြစ် R&D၊ ကုန်စည်ပို့ဆောင်ရေး၊ အိုင်တီဆော့ဝဲများ၊ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရန်၊
- ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ ဒဂုံမြို့သစ် Sub-center ဧရိယာ ၁၀၀ ဧကကို ကာလလတ် စီမံကိန်းအဖြစ် ဟိုတယ်များ၊ အားကစားနှင့် အပန်းဖြေ R&D လုပ်ငန်းများအဖြစ် အကောင်အထည်ဖော်ရန်၊
- ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ ဒဂုံဆိပ်ကမ်း Sub-center ဧရိယာ ၁၀၀ ဧကကို ကာလလတ် စီမံကိန်းအဖြစ် အပန်းဖြေခြင်း၊ ပြည်တွင်းဆိပ်ကမ်းများ၊ စီးပွားရေးလုပ်ငန်းများအဖြစ် အကောင်အထည်ဖော်ရန်၊

## မြို့သစ်ဗဟိုဖွံ့ဖြိုးမှု

- တွံတေးမြို့နယ်ရှိ ဧရိယာ ၁၂၅ ဧက ပါဝင်သော ကြည့်မြင်တိုင်မြို့သစ် စီမံကိန်းကို ကာလတို စီမံကိန်း၊ ကြည့်မြင်တိုင်မြို့နယ်ရှိ ဧရိယာ ၁၂၅ ဧကပါဝင်သော ကြည့်မြင်တိုင်မြို့သစ်စီမံကိန်းကို ကာလလတ် စီမံကိန်းအဖြစ် မှီခိုခြင်းကင်းသော အရန်မြို့ ပညာရေးမြို့တော် (university) တွင် မြေအောက်ရထား၊ ဓာတ်ရထားနှင့် အဝေးပြေးလမ်းများဖြင့် ဆောင်ရွက်ရန်၊
- ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ ဧရိယာ ၂၅၀ ဧက ပါဝင်သော ဒဂုံအရှေ့မြို့သစ်စီမံကိန်းကို ကာလလတ်စီမံကိန်းအဖြစ် မှီခိုခြင်းကင်းသော အရန်မြို့ သုတေသန မြို့တော် R&D အဖြစ် ဆောင်ရွက်ရန်၊
- ဒလမြို့နယ်ရှိ ဧရိယာ ၁၂၅ ဧကပါဝင်သော ဒလမြို့သစ်စီမံကိန်းကို ကာလလတ် စီမံကိန်းအဖြစ် CBD နှင့် ချိတ်ဆက်ထားသော ဆက်သွယ်သွားလာနိုင်သည့် မြို့တော်အဖြစ် ဆောင်ရွက်ရန်၊

## ဘူတာရုံဧရိယာဖွံ့ဖြိုးမှု

- မင်္ဂလာတောင်ညွန့်မြို့နယ်ရှိဧရိယာ ၃၈ ဧက ပါဝင်သော ရန်ကုန်ဘူတာကြီးကို ကာလလတ် စီမံကိန်းအဖြစ် နိုင်ငံ့အမှတ်လက္ခဏာ ဘူတာရုံ၊ CBD အဝင်ပေါက်တို့ဖြင့် ဆောင်ရွက်သွားရန်၊
- ကြည့်မြင်တိုင်မြို့နယ်ရှိ ဧရိယာ ၁၃ ဧက ပါဝင်သော ကြည့်မြင်တိုင်ဘူတာကို ကာလလတ် စီမံကိန်းဖြင့် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ စုဝေးရာဘူတာရုံအဖြစ် ဆောင်ရွက်သွားရန်၊
- မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဧရိယာ ၁၀၀ ဧကပါဝင်သော မလွှကုန်းဘူတာကို ကာလလတ် စီမံကိန်းတွင် မြို့တွင်းပြေးသောရထားများရပ်ရန် ဘူတာရုံအဖြစ် ဆောင်ရွက်ရန်၊
- အင်းစိန်မြို့နယ်ရှိ ဧရိယာ ၅၀ ဧကပါဝင်သော အင်းစိန်ဘူတာကို ကာလတိုစီမံကိန်းဖြင့် ပတ်ဝန်းကျင် နေရာများမှ ပြောင်းလဲစီးရန် ကြားခံဘူတာရုံအဖြစ် ဆောင်ရွက်ရန်၊
- မရမ်းကုန်းမြို့နယ်ရှိ ဧရိယာ ၂၅ ဧကပါဝင်သော ရေကူးဘူတာကို ကာလတိုစီမံကိန်းဖြင့် ပတ်ဝန်းကျင် နေရာများမှ ပြောင်းလဲစီးရန် ကြားခံ ဘူတာရုံအဖြစ် ဆောင်ရွက်ရန်၊
- မင်္ဂလာဒုံမြို့နယ်ရှိ ဧရိယာ ၁၂၅ ဧက ပါဝင်သော မင်္ဂလာဒုံ ဘူတာကို ကာလလတ်စီမံကိန်းဖြင့် မြို့တွင်းပြေးသောရထားများရပ်ရန် ဘူတာရုံအဖြစ် ဆောင်ရွက်ရန်၊
- အင်းစိန်မြို့နယ်ရှိ ဧရိယာ ၂၅ ဧက ပါဝင်သော ဒညင်းကုန်းဘူတာကို ကာလလတ်စီမံကိန်းဖြင့် မြို့တွင်းပြေးသောရထားများရပ်ရန် ဘူတာရုံအဖြစ် ဆောင်ရွက်ရန်၊

**စက်မှုနှင့်ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများဖွံ့ဖြိုးရေး**

- ဧရိယာ ၁၂၆၀၀ ဧက အကျယ်အဝန်းရှိပြီး လုပ်သားဦးရေ ၃၁၅၀၀၀ ဦး လုပ်ကိုင်လျက်ရှိသော လက်ရှိ စက်မှုဇုန်များကို ကာလတိုနှင့်ကာလလတ်စီမံကိန်းများ၊
- ဧရိယာ ၅၉၀၀ ဧက အကျယ်အဝန်းရှိပြီး လုပ်သားဦးရေ ၂၁၀၀၀၀ ဦး လုပ်ကိုင်လျက်ရှိသော သီလဝါအထူးစီးပွားရေးဇုန်များကို ကာလတို၊ ကာလလတ်၊ ကာလရှည်စီမံကိန်းများ၊
- ဧရိယာ ၂၂၀၀ ဧက အကျယ်အဝန်းရှိပြီး လုပ်သားဦးရေ ၇၆၀၀၀ ဦး လုပ်ကိုင်လျက်ရှိသော စက်မှုဇုန် အသစ် ၃ ခု (အရှေ့ဒဂုံ၊ တွံတေး နှင့် လှည်းကူး) ကို ကာလရှည် စီမံကိန်းများအဖြစ် ဆောင်ရွက်သွားရန်၊

**(၄) CBD ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ**

**(၁) စနစ်တကျ ထိရောက်လွယ်ကူလျင်မြန်သော ပို့ဆောင်ဆက်သွယ်ရေး**

- ဘက်စုံသယ်ယူပို့ဆောင်ရေး ကွန်ရက်များ အကောင်အထည်ဖော် ဆောင်ရွက်မှု၊ လုံခြုံစိတ်ချ လျင်မြန်၍ သွားလာရလွယ်ကူသောဘတ်စ်ကား၊ ရထားစနစ်များ စတင်အသုံးပြုခြင်း၊ လမ်းဘေး ကားရပ်နားခြင်းအတွက် စည်းမျဉ်းစည်းကမ်းများနှင့် အခကြေးငွေကောက်ခံခြင်း၊

**(၂) မြို့ပြနှင့်ကိုက်ညီသော အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုများ ထိန်းညှိခြင်း**

- မြေယာပိုင်းခြားမှုဇုန်အလိုက် စတင်သတ်မှတ်ခြင်း၊ အဆောက်အအုံဟောင်းများ ပြန်လည် ပြုပြင်ခြင်း၊

**(၃) ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် နေချင်စဖွယ် လှပသော မြို့တော်အဖြစ် ဖန်တီးခြင်း**

- ရှေးဟောင်းအဆောက်အအုံများနှင့် ပတ်ဝန်းကျင်နေရာများ၊ အဆောက်အအုံ အလွတ်များ၊ အသုံးမပြုသော အဆောက်အအုံများ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်၍ ပြန်လည်စိစစ် အသုံးပြုခြင်း၊

**(၄) ခရီးသွားလုပ်ငန်းနှင့်မြို့ပြလူနေမှု အသုံးအဆောင်များ**

- မြစ်ကမ်းဘေး တိုးတက်လှပသေသပ်စေရန်နှင့် လမ်းသွားလမ်းလာများအတွက် လျှောက်လမ်း များနှင့် သီးသန့်နေရာများ ဖန်တီးပေးခြင်း၊

(က) **ရန်ကုန်ဘူတာကြီး**

- ရန်ကုန်မြို့သို့ ဝင်ရောက်သည့် ကမ္ဘာ့အဆင့်မီဝင်ပေါက်ဖြစ်လာစေခြင်း၊

(ခ) **ဆူးလေဘုရားနှင့်မြို့တော်ခန်းမပတ်ဝန်းကျင်နေရာများ**

- မြို့တော်ခန်းမရင်ပြင်အသစ် ဖန်တီးခြင်း၊ ဆူးလေဘုရား အရှေ့ဘက် အခြမ်းမှယာဉ်သွားလာမှုလျှော့ချခြင်း၊ လွယ်ကူလျင်မြန်သော ဖြတ်ကူး လျှောက်လမ်း ဖန်တီးပေးခြင်း၊ ဈေးဆိုင်များပြောင်းရွှေ့နေရာချထားခြင်း၊

(ဂ) **ဘဏ်လမ်း**

- လက်ရှိအသုံးပြုဆဲလမ်းဖြစ်ပြီး အရေးပါသော ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများ စုစည်းတည်ရှိနေခြင်း၊ ကူးတို့ဆိပ်မှ ဆူးလေဘုရားသို့ လမ်းကြောင်းတစ်ခုဖြစ်ခြင်းတို့ကြောင့် ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်မည့် ကြယ် ၅ ပွင့် ဟိုတယ်အဖြစ် ပြောင်းလဲအသုံးပြုခြင်း၊

(ဃ) **ဘဏ်လမ်းနှင့်မြစ်ကမ်းနား**

- ဆူးလေဘုရားဆီသို့ လမ်းကြောင်းသစ် ချိတ်ဆက်မှုအတွက် လျှောက်လမ်းနေရာ၊ ပွဲတော်အခမ်းအနားအစီအစဉ်များအတွက် ဘက်စုံအသုံးပြုခြင်း၊ မြစ်ကမ်းဘေးသို့ လွယ်ကူစွာသွားလာနိုင်စေရန် ကမ်းနားလမ်းအား ပြန်လည်ပြုပြင်ခြင်း၊ ကမ်းနားလမ်းသည် ကမ္ဘာတွင် လူသိများသော အကောင်းဆုံးလမ်းဖြစ်လာစေရန် ကမ်းနားလမ်းရှိ အရေးပါသော အဆောက်အအုံများ၏ ပြင်ဆင်မှုများ ဖန်တီးပေးရန်နှင့် မြင်သာခံစားနိုင်စေခြင်း၊ ယာဉ်သွားလာမှုလျှော့ချပြီး လမ်းသွားလမ်းလာများ ပိုမိုနေရာပေးခြင်း၊ မြစ်ကမ်းပါးကြည့်ရှုခံစားနိုင်စေခြင်း၊ CBD သို့ လွယ်ကူစွာသွားလာနိုင်ရန်ဖန်တီးပေးခြင်း၊

## (၅) အိမ်ရာဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း

- ၂၀၄၀ ခုနှစ်တွင် လူဦးရေ (၁၀. ၈) သန်းအထိ မြင့်တက်လာရန် မျှော်မှန်းထားပါသည်။ ဝင်ငွေနည်းသော ပြည်သူများအတွက် အိမ်ရာများကို သင့်လျော်သော ဈေးနှုန်းများဖြင့် တည်ဆောက်ပေးရန်၊
- ၂၀၄၀ ခုနှစ်တွင် မဟာရန်ကုန်၌ အိမ်ရာယူနစ်ပေါင်း (၁. ၃) သန်းခန့် လိုအပ်မည်ဖြစ်သည့်အတွက် လုံလောက်သော တန်ဖိုးသင့်တင့်သောအိမ်ရာများ ဖန်တီးရောင်းချပေးခြင်း၊ အိမ်ရာစီမံခန့်ခွဲရေးကဏ္ဍများ ဖော်ဆောင်ပေးခြင်း၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများထုတ်ပြန်ခြင်းတို့ ဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့ကြောင့် ၅ နှစ်တာ အိမ်ရာဆောက်လုပ်ရေးစီမံကိန်း Department of Urban Housing Development (DUHD) အရ မြန်မာတစ်နိုင်ငံလုံးအတွက် ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်ကုန်အထိ အိမ်ရာယူနစ်ပေါင်း (၁) သန်းပံ့ပိုးပေးနိုင်ရန်၊
- the number of housing units in 5yrs Housing M/P & SUDP from 2015 to 2020

| 2nd 5 years Housing M/P 2015-2020 in Yangon Region | Proposal of SUDP in the Greater Yangon |
|---|---|
| 50,000 units | 176,000 units |

## (၆) မြို့ပြပြန်လည်ဖွံ့ဖြိုးရေး

**အများပိုင်မြေများ ပြန်လည်ဖွံ့ဖြိုးရေး**

- MOC (Ministry of Construction) ပိုင်မြေများ အသုံးချ၍ ပြန်လည်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်တိုက် ဆောင်ရွက်ရန် (ပြည်တော်သစ်၊ ဦးဝိစာရနှင့် ဝေဠုဝန်)
- ပြည်တော်သစ် အိမ်ရာနေ ဧရိယာအကျယ်အဝန်း (၂. ၁) ဟက်တာရှိ၍ ကာလတို စီမံကိန်းအဖြစ်ဆောင်ရွက်ရန်၊ ဦးဝိစာရအိမ်ရာတွင် ဧရိယာအကျယ်အဝန်း (၇. ၈ ဟက်တာ) ကျယ်ဝန်း၍ ကာလလတ်စီမံကိန်းအဖြစ် ဆောင်ရွက်ရန်၊ ဝေဠုဝန်အိမ်ရာသည် ဧရိယာ အကျယ်အဝန်း (၃. ၂ ဟက်တာ) ကျယ်ဝန်း၍ ကာလလတ် စီမံကိန်းအဖြစ်ဆောင်ရွက်ရန်၊

## (၇) အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး

(၁) **ရေပေးဝေရေး**

- လက်ရှိရေပမာဏဂါလန် ၁၉၃ (MGD) Million Gallon Per Day ထုတ်ပေးနိုင်သော ဂျိုးဖြူ၊ ဖူးကြီး၊ လှော်ကား၊ ငမိုးရိပ်နှင့် အဝီစိတွင်းများဟူ၍ ရေအရင်းအမြစ် (၅) ခုရှိပြီး ရေလိုအပ်မှုပမာဏ တစ်နှစ်ထက်တစ်နှစ် တိုးမြင့်၍ ၂၀၄၀ တွင် ရေဂါလန် ၆၁၀ (MGD) ခန့် လိုအပ်မည်ဟု ခန့်မှန်းထားရာ လဂွန်းပြင် ရေလှောင်ကန် (၄၀ MGD)၊ ကုက္ကိုလ်ဝမြစ်

၁၂၀ (MGD) ၊ တိုးမြစ် ၆၀ (MGD) နှင့် ပန်းလှိုင်မြစ် ၆၀ (MGD) မှ ရေအရင်းအမြစ်များကို အဆင့်မြှင့်တင်ရေးဆောင်ရွက်ရန်၊

- မဟာရန်ကုန်မြို့ စုစုပေါင်းလူဦးရေ၏ ၇၃ ရာခိုင်နှုန်းကို ရေပေးဝေနိုင်ရန် ရေပို့ပိုက်များနှင့် ရေသယ်ပိုက်များအား တိုးတက်အောင် ဆောင်ရွက်ရန်၊
- ပိုမိုကောင်းမွန်သော စီမံခန့်ခွဲမှုစနစ်အတွက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် ရေပြုန်းတီးမှုအချိုးအား ၂၀၄၀ ခုနှစ်အတွင်း ၁၅ ရာခိုင်နှုန်းအထိ လျှော့ချရန်၊
- World Health Organization (WHO) ၏ လမ်းညွှန်ချက်များအား လိုက်နာ၍ လုံခြုံစိတ်ချရသော ရေပေးဝေနိုင်ရန်၊ ရေအရည်အသွေးထိန်းချုပ်မှုအားမြှင့်တင်ရန်၊

## (၂) မိလ္လာနှင့်ရေဆိုး

- စုစုပေါင်းလူဦးရေ၏ ၅၉ ရာခိုင်နှုန်းသာ လွှမ်းခြုံနိုင်သော မိလ္လာနှင့်ရေဆိုး စုယူမှုစနစ်များကို အဆင့်မြှင့်တင်ရန်၊
- ကြည့်မြင်တိုင်မြို့သစ်၊ အရှေ့ (ဒဂုံ) မြို့သစ်နှင့် ဒလမြို့သစ်များတွင် မိလ္လာနှင့်ရေဆိုး စုယူမှုစနစ်တိုးမြှင့်ခြင်းလုပ်ငန်းများအား မြို့သစ်အခြေအနေနှင့်အညီ ဆောင်ရွက်ရန်၊

## (၃) ရေမြောင်းအတွင်း ရေစီးရေလာနှင့်ရေကြီးရေလျှံမှု

- ရေကြီးရေလျှံမှုဆိုးကျိုးများ ခန့်မှန်းအခြေခံ သတင်းအချက်အလက်ရရှိရန်နှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ပြင်ဆင်လုပ်ဆောင်ရန်၊
- ဦးစားပေးဧရိယာ ပထမ CBD အတွင်း ရေကြီးရေလျှံမှုအတွက် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာလုပ်ဆောင်ချက်များနှင့် မဟာရန်ကုန်မြို့တော်အတွင်း မြို့စွန်ဒေသများ၊ မြေနိမ့်ဒေသများအား ဗဟိုခွဲများအဖြစ် ဖွံ့ဖြိုးစေရန်၊
- ရေကြီးရေလျှံမှု ဖြစ်ပွားသည့်နေရာများတွင် ပြည်သူလူထုဘဝအတွက် ဘေးကင်းလုံခြုံသည့်ဧရိယာစီစဉ်ထားရှိရန်၊

## (၄) အမှိုက်

- စက်ရုံထွက်၊ စက်မှုဇုန်ထွက် စွန့်ပစ်ပစ္စည်းများနှင့် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို သင့်လျော်သော ထိန်းချုပ်သည့် စီမံခန့်ခွဲမှုများ ပြုလုပ်ရန်၊
- အနာဂတ် အမှိုက်စွန့်ပစ်မှုကို ကန့်သတ်ရန်၊
- 3R ကို မြှင့်တင်ရန် (စွန့်ပစ်ပစ္စည်းလျှော့ချရေး၊ ပြန်လည်အသုံးပြုရေးနှင့် အသစ်တစ်ဖန်ပြန်လည်ထုတ်လုပ်ခြင်း)၊
- ပြည်သူများ၊ အဖွဲ့အစည်းများနှင့် အစိုးရမှ ပါဝင်ရန်၊

## (၅) လျှပ်စစ်ဓာတ်အား

- ဗို့အား 33 KV မှ 66 KV ရှိ ဓာတ်အားပေးစခန်းခွဲများ၊ အဆင့်မြှင့်တင်ခြင်းများပြုလုပ်ရန်၊
- လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုတိုးတက်ရေးအတွက် ဓာတ်အားပေးစခန်းများ တိုးမြှင့်ရန်နှင့် မဟာဗျူဟာစီမံကိန်းအတိုင်းဆောင်ရွက်ရန်၊
- စီမံကိန်းရေးဆွဲခြင်းနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု၊ လုပ်ငန်းလည်ပတ်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းစွမ်းဆောင်ရည်တိုးမြှင့်ရန်၊

**(၆) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ**

- တည်ငြိမ်ပြီး မြန်နှုန်းမြင့် ဆက်သွယ်ရေးကွန်ရက် ပေါ်ပေါက်လာစေရန်၊
- အင်တာနက်အခြေခံ နည်းပညာ စွမ်းဆောင်ရည် မြှင့်တင်ရန်၊
- အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဝန်ဆောင်မှု တိုးတက်လာစေရန်၊

**(၇) သဘာဝဘေးအန္တရာယ်ဆိုးကျိုးများကို စီမံခန့်ခွဲမှု**

- သဘာဝဘေးအန္တရာယ်ဆိုးကျိုးများကို သိရှိပြီး ထိန်းချုပ်မှုကို မြှင့်တင်ရန်၊
- ခံနိုင်ရည်အတွက် ရင်းနှီးမြှုပ်နှံရန်၊
- ပိုမိုကောင်းမွန်သည့် အဆောက်အအုံပြန်လည်ဆောက်လုပ်ရေးနှင့် ထိရောက်သည့် တုံ့ပြန်မှုများ အတွက် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုများမြှင့်တင်ရန်၊
- ဆောက်လုပ်ရေးအဆင့်အတန်း စောင့်ကြည့်ရေးစနစ်ကို ထူထောင်ရန်၊
- ဆောက်လုပ်ရေးအရည်အသွေးကိုမြှင့်တင်ရေးအဖွဲ့အစည်း ဖွဲ့စည်းရန်၊
- ငလျင်ဒဏ်ခံနိုင်သည့် မြို့တည်ဆောက်ရန်၊
- လက်ရှိ အဆောက်အအုံများနှင့် အနာဂတ်အဆောက်အအုံသစ်များတွင် ငလျင်ဒဏ်ခံနိုင်မှု မြှင့်တင်ရန်နှင့် ဆန်းစစ်ရှာဖွေခြင်းများပြုလုပ်ရန်၊
- ဆောက်လုပ်ရေးစံချိန်စံညွှန်းများနှင့်သက်ဆိုင်သည့်ဥပဒေကိုပြဋ္ဌာန်းရန်၊
- မြို့ပြမီးဘေးအန္တရာယ်ကာကွယ်မှု ပြဋ္ဌာန်းချက်များကို လိုက်နာစေရန်၊
- လူနေထူထပ်သည့် ဧရိယာအဝန်း မီးငြိမ်းသတ်ရေးအတွက် လမ်းပတ်ဝန်းကျင် ဖွံ့ဖြိုး တိုးတက်စေရန်နှင့်အကြီးစားမီးလောင်ကျွမ်းမှုကိုလျှော့ချရန်၊
- လူနေနည်းပါးသည့် ဧရိယာနှင့် မြို့သစ်များအတွင်း မီးသတ်စခန်းများ တိုးမြှင့်ထားရှိရန်နှင့် မြို့နယ်များတွင် မီးကူးစက်လောင်ကျွမ်းမှုကာကွယ်သည့် လုပ်ဆောင်ချက်များ ထည့်သွင်း ဆောင်ရွက်ရန်၊
- မီးဘေးအန္တရာယ်ကင်းရှင်းရေးဥပဒေကို ထုတ်ပြန်ရန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၈) **ဦးစားပေးစီမံကိန်းများ**

SUDP တွင် အဆိုပြုထားသော အနာဂတ်မျှော်မှန်းချက်အား ရရှိနိုင်ရန်နှင့် မြို့ပြဖွံ့စည်း တည်ဆောက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၂၀၂၀ ခုနှစ်တွင် စတင်၍ အဓိကလုပ်ဆောင်မည့် ဦးစားပေးစီမံကိန်း ၄၁ ခုအား ရွေးချယ်ထားပါသည်။

အဓိကစီမံကိန်းများကို ၅ နှစ်တာ ကာလအတွင်း အစီအစဉ်ရေးဆွဲခြင်း၊ ပြန်လည်ဆန်းစစ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို စောင့်ကြည့်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြဖွံ့ဖြိုးတိုးတက်မှုစီမံခန့်ခွဲရေး အခန်းကဏ္ဍတွင် -

(၁) ဦးစားပေးဧရိယာဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ၊

(၂) CBD ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ၊

(၃) စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ပါဝင်သောစီမံကိန်း **၂၅ ခု**အား အဆိုပြု တင်ပြ ထားပါသည်။

အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု အခန်းကဏ္ဍတွင် မူလရှိပြီးသော အခြေခံအဆောက်အအုံများ တိုးတက်ခြင်း လုပ်ငန်းသာမက သဘာဝဘေးအန္တရာယ် လျော့ပါးသက်သာစေရေး တိုးမြှင့်ဆောင်ရွက်မည့် လုပ်ငန်းများပါဝင်သောစီမံကိန်း **၁၆ ခု** အား အဆိုပြု တင်ပြထားပါသည်။

**ဦးစားပေးစီမံကိန်းများအတွက် ခန့်မှန်းကုန်ကျစရိတ်များ**

| အပိုင်းကဏ္ဍ | ခန့်မှန်းကုန်ကျစရိတ် (အမေရိကန်ဒေါ်လာသန်း) |
|---|---|
| **မြို့ပြဖွံ့ဖြိုးတိုးတက်မှုစီမံခန့်ခွဲရေး** | **၆၃၀** |
| ဗဟိုခွဲများနှင့်အခြားဦးစားပေးဖွံ့ဖြိုးတိုးတက်မှုများ | ၃၂၀ |
| မြို့လယ်ဗဟိုစီးပွားရေးဇုန် ပြန်လည်ပြုပြင်ခြင်း | ၂၉၀ |
| စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှုနှင့်ဆက်စပ်၍ | ၂၀ |
| **အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှု** | **၁၇၀၀** |
| အခြေခံအဆောက်အအုံတိုးတက်ပြောင်းလဲမှု | ၁၆၉၀ |
| သဘာဝဘေးအန္တရာယ်ခံနိုင်ရည်ရှိစေရေး | ၁၀ |
| **စုစုပေါင်း** | **၂၃၃၀** |

စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း ၂၅ ခုနှင့် သဘာဝဘေးအန္တရာယ် လျော့ပါးသက်သာစေရေး စီမံကိန်း ၁၆ ခုတို့မှာ -

(၁) မင်းဓမ္မဒုတိယဗဟိုစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း

(၂) ရန်ကင်းဗဟိုခွဲဇုန် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း

(၃) သီလဝါအထူးစီးပွားရေးဗဟိုခွဲဇုန်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း

(၄) ကြည့်မြင်တိုင်မြို့သစ် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း

(၅) ရန်ကုန်ဘူတာကြီးဧရိယာ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း

(၆) ဘူတာရုံခွဲဧရိယာ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း

(၇) သီလဝါ အထူးစီးပွားရေးဇုန်အပိုင်း (ခ) ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း

(၈) မူလရှိပြီးသော စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း

(၉) အစိုးရပိုင်မြေများပြန်လည်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း

(၁၀) ဆူးလေဘုရားနှင့် ပတ်ဝန်းကျင်စီမံကိန်း (မြို့လယ်ဗဟိုစီးပွားရေးဇုန်)

(၁၁) ဘဏ်လမ်းစီမံကိန်း (မြို့လယ်ဗဟိုစီးပွားရေးဇုန်)

(၁၂) ကမ်းနားလမ်းစီမံကိန်း (မြို့လယ်ဗဟိုစီးပွားရေးဇုန်)

(၁၃) မြစ်ကမ်းတစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (မြို့လယ်ဗဟိုစီးပွားရေးဇုန်)

(၁၄) ဘက်စုံသုံး ပို့ဆောင်ဆက်သွယ်ရေးဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (မြို့လယ်ဗဟိုစီးပွားရေးဇုန်)

(၁၅) ကားရပ်နားသည့်နေရာ ရေးဆွဲခြင်းစီမံကိန်း

(၁၆) လမ်းများဈေးနှုန်းသတ်မှတ်ခြင်းနှင့် ကားရပ်နားသည့်စနစ်အစပြုမှုစီမံကိန်း (မြို့လယ်ဗဟိုစီးပွားရေးဇုန်)

(၁၇) ဘတ်စ်ကားစနစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (မြို့လယ်ဗဟို စီးပွားရေးဇုန်)

(၁၈) ပန်းခြံမြေအောက် ကားရပ်နားရန်နေရာများစီမံကိန်း

(၁၉) မြို့ပြတန်ဖိုးနည်းအိမ်ရာစီမံကိန်းငွေကြေးထောက်ပံ့မှုအစီအစဉ်

(၂၀) ရန်ကုန်မြို့ပြအမွေအနှစ်မဟာဗျူဟာအကောင်အထည်ဖော်ဆောင်ရွက်ခြင်းစီမံကိန်း (မြို့လယ်ဗဟို စီးပွားရေးဇုန်)

(၂၁) ပန်းခြံသစ်များဆောက်လုပ်ခြင်းစီမံကိန်း

(၂၂) မသန်စွမ်းသူများအတွက် နေထိုင်သွားလာမှုအခက်အခဲမရှိစေရေးစီမံကိန်း

(၂၃) ပညာရေးစနစ် ပိုမိုခိုင်ခံ့ရေးစီမံကိန်း

(၂၄) မြို့ပြရှိ ဆင်းရဲနွမ်းပါးသူများအား ကူညီထောက်ပံ့ရေးစီမံကိန်း

(၂၅) မြို့ပြဖွံ့ဖြိုးတိုးတက်မှု စီမံခန့်ခွဲရေးစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း

(၂၆) ကုက္ကိုလ်ဝရေသန့်စင်စက်ရုံနှင့် ရေပေးဝေရေးပိုက်လိုင်းများ ဆောက်လုပ်ခြင်းစီမံကိန်း

(၂၇) ဇုန် (၁) ရေပေးဝေရေးပိုက်လိုင်းကွန်ရက်အသစ်ပြန်လည်တည်ဆောက်ခြင်းစီမံကိန်း

(၂၈) မြို့လယ်ဗဟို စီးပွားရေးဇုန် ရေဆိုးစနစ်တိုးတက်မှုဆောင်ရွက်ရေးစီမံကိန်း (C1+W1)

(၂၉) W1 ရေဆိုးစနစ်တိုးတက်မှုဆောင်ရွက်ရေးစီမံကိန်း (လသာနှင့်လမ်းမတော်)

(၃၀) မြို့လယ်ဗဟို စီးပွားရေးဇုန် မိုးရေ စီးဆင်းမှုကောင်းမွန်ရေး၊ တိုးတက်မှုဆောင်ရွက်နိုင်ရေး

(၃၁) ရေဆိုး စီမံခန့်ခွဲမှုစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း

(၃၂) ရေလွှမ်းမိုးမှုပေါင်းစပ်ကွပ်ကဲရေးစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း

(၃၃) အမှိုက်များကို စနစ်တကျစီမံခန့်ခွဲနိုင်ရန် အထောက်အကူပြုပစ္စည်းများ စုဆောင်းခြင်း

(၃၄) နောက်ဆုံးစွန့်ပစ်အမှိုက်ပုံများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း

(၃၅) ဘေးအန္တရာယ်ဖြစ်စေသော အမှိုက်များစီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း

(၃၆) အမှိုက်သရိုက်စီမံခန့်ခွဲရေးစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း

(၃၇) အမှိုက်မှစွမ်းအင်စီမံကိန်း

(၃၈) လက်ရှိဓာတ်အားခွဲရုံများအဆင့်မြှင့်တင်ခြင်းစီမံကိန်း

(၃၉) ငလျင်ဒဏ်ခံနိုင်မှုစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း

(၄၀) မီးဘေးအန္တရာယ်ကာကွယ်ရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း

(၄၁) မြို့တော်စည်ပင်နေရောင်ခြည်ဆိုလာစနစ်စတင်ဆောင်ရွက်ခြင်းစီမံကိန်း

## (၉) မြို့ပြဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတွက် ဘဏ္ဍာငွေထောက်ပံ့ခြင်း

အခွန်ရင်းမြစ်များကို တိုးမြှင့်ရန် ရေရှည်တည်တံ့သော ဘဏ္ဍာနှစ် ကာလရှည်လမ်းကြောင်းဖြင့် ဆောင်ရွက်ရာတွင် ပုဂ္ဂလိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်မှု၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများတွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ပါဝင်လာစေရန် ပုဂ္ဂလိက အခန်းကဏ္ဍအား အားပေးတိုက်တွန်းခြင်း၊ လက်ရှိအခွန်နှင့်အခနှုန်းထားများအားထိန်းညှိခြင်း၊ ဘီးခွန်၊ ကားရပ်နားခွန်၊ သန့်ရှင်းရေးခွန်နှင့် ရေသုံးစွဲခခွန်တို့ကိုထိန်းညှိခြင်း၊ တန်ဖိုးနည်းနှင့် တန်ဖိုးသင့်မြို့ပြအိမ်ရာများ တိုးချဲ့ခြင်း၊ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် Construction and Housing Development Bank (CHDB) အား ဘဏ္ဍာရေးအရ တိုးမြှင့်ထောက်ပံ့ခြင်း၊ မြေဈေးနှုန်းအခြေခံဘဏ္ဍာရေးထောက်ပံ့ခြင်းအဖြစ် မြေဈေးနှုန်းအခြေခံ ပစ္စည်းခွန်နှင့်မြို့ပြဖွံ့ဖြိုးတိုးတက်မှု အခွန်အသစ်ဖြင့်ကောက်ခံခြင်း၊ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများဖြင့် ပုဂ္ဂလိကစီမံကိန်းဘဏ္ဍာရေးအား တိုးမြှင့်ဖော်ဆောင်ခြင်း၊ မြေဈေးနှုန်း အခြေခံ ငွေကြေးထောက်ပံ့မှုပေးခြင်း၊

## (၁၀) စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု

- မြို့သစ်နှင့်ဗဟိုခွဲများအားစီမံခြင်း၊ ပိုစံထုတ်ခြင်းနှင့်အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအား ဆောင်ရွက်ရန်၊
- မြို့လယ်ဗဟိုစီးပွားရေးဇုန် CBD ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများလုပ်ဆောင်ရာ၌ မြို့ပြစီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအား တိုးမြှင့်ဆောင်ရွက်ရန်၊
- အဆောက်အအုံဆောက်လုပ်ပြီးစီးသည့်အထောက်အထား အဆောက်အအုံအဆင့် သတ်မှတ်ချက် အထောက်အထားလုပ်ငန်းများဆောင်ရွက်ရာ၌ ကုန်ကျစရိတ်များ လျှော့ချခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်ရန်၊
- တိုင်းနှင့်ပြည်နယ်၏ ကိစ္စရပ်များနှင့် အခန်းကဏ္ဍများအပြင် နိုင်ငံနှင့် ရန်ကုန်မြို့၏ မြေပြန်လည် ညှိနှိုင်းခြင်းနှင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်၊

## ရန်ကုန်မြို့တော်၏ မြို့ပြသယ်ယူပို့ဆောင်ရေးစီမံကိန်း (Master Plan)
## Yangon Urban Transport Development Plan

### ရည်ရွယ်ချက်

ရန်ကုန်မြို့တော်သည် ချိတ်ဆက်သွားလာရန်လွယ်ကူသော အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ် အဓိက အသုံးပြုမှုကို ဦးတည်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်မှုကို ရည်ရွယ်ပါသည်။

### အခြေခံနည်းဗျူဟာ

- အရည်အသွေးမြင့်မားသော အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ် ပေါ်ထွက်လာစေရန်၊
- မြို့ပြလမ်းကွန်ရက်များ အားကောင်းလာစေရန် (အစဉ်လိုက်)
- ယာဉ်သွားလာမှု စီမံခန့်ခွဲမှုစနစ် အားကောင်းလာစေရန်၊
- လမ်းလျှောက်ရမည့် အခြေအနေများ တိုးတက်ကောင်းမွန်လာစေရန်၊
- မြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍ စီမံခန့်ခွဲမှု စွမ်းရည်များတိုးတက်လာစေရန်၊

### အဆိုပြုထားသောစီမံကိန်းနှင့်လုပ်ဆောင်ချက်

### မဟာဗျူဟာမြောက်လုပ်ဆောင်ချက် (၉) ချက်

(၁) လမ်းမကြီး ၈ ခုနှင့် CBD တို့တွင် ပုလင်းဝပုံလမ်းကျဉ်းစေသော အချက်များကိုဖယ်ရှားခြင်း၊

(၂) ခေတ်မီသောဘတ်(စ်)ကား

(၃) ယာဉ်အသွားအလာစီမံခန့်ခွဲမှုနှင့်ဘေးကင်းလုံခြုံရေး၊

(၄) မြေပြင်တွင် ပြန်လည်ညှိနှိုင်း၍ ပျောက်ဆုံးနေသော လမ်းအချိတ်အဆက်များကို ဖော်ထုတ်ခြင်း၊

(၅) မြို့ပြရထားလမ်းကွန်ရက်ဖွံ့ဖြိုးမှုလုပ်ငန်း၊

(၆) မြို့ပြအမြန်လမ်းဖွံ့ဖြိုးမှုလုပ်ငန်း၊

(၇) ကုန်းတွင်းရေကြောင်းပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း၊

(၈) ချိတ်ဆက်သွားလာရန်လွယ်ကူသော အများပြည်သူပို့ဆောင်ရေးကို အခြေခံ၍ ဖြစ်ပေါ်လာမည့် ဖွံ့ဖြိုးတိုးတက်မှုများ၊

(၉) YRTA အားခိုင်မာစေခြင်း။

### လမ်းဖွံ့ဖြိုးရေးလုပ်ငန်းအတွက် အဆိုပြုတင်ပြချက်

ပြုပြင်ထိန်းသိမ်းမှု/အသေးစားအဆင့်မြှင့်တင်သည့် လုပ်ငန်းများပြန်လည်မွမ်းမံခြင်း၊ လမ်းကျဉ်းစေသော အချက်များကိုဖယ်ရှားခြင်း၊ ပျောက်ဆုံးနေသောလမ်းအချိတ်အဆက်များကို ပြုပြင်ခြင်း၊ လိုအပ်သည့်နေရာများတွင် ခုံးကျော်တံတား၊ ဥမင်လိုဏ်ခေါင်းများ ဆောက်လုပ်ပေးခြင်း၊ မြို့ပြဧရိယာအသစ်များအတွက် အလယ်အလတ်

လမ်းများ၊ အဓိကလမ်းမကြီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ တံတားအသစ်များ၊ အပြင်မြို့ပတ်လမ်းများ၊ မြို့ပြနှင့်မြို့များအကြား ဆက်သွယ်သောအမြန်လမ်းများတို့ကို ချိတ်ဆက်သွားလာနိုင်သည့် လမ်းများအဖြစ် ဖန်တီးပေးရေး၊

**အဆိုပြုထားသောအမြန်လမ်းကွန်ရက်**

**ရည်ရွယ်ချက်နှင့်အကျိုးသက်ရောက်မှု**

မြောက်-တောင်လမ်းတစ်လျှောက်ရှိ (ဘုရင့်နောင်လမ်း၊ ကမ်းနားလမ်း၊ ဝေဇယန္တာလမ်း) နှင့် ဆိပ်ကမ်းသို့ သွားသော များပြားသော ယာဉ်သွားလာမှုကို မိုးပျံအမြန်လမ်းပေါ်သို့ လွှဲပြောင်းရန်၊ CBD ယာဉ်သွားလာမှုကို လမ်းကြောင်းပြောင်းရန်၊ အသစ်ပေါ်ထွက်လာသော မြို့ပြဧရိယာများ (ဒလ၊ ကြည့်မြင်တိုင်တစ်ဖက်ကမ်း၊ သီလဝါ)ကို ပေါင်းစုံစေရန်၊

**အဆိုပြုထားသောဦးစားပေးစီမံကိန်းများ**

- အတွင်းမြို့ပတ်လမ်း (အနောက်ဘက်)
- အတွင်းမြို့ပတ်လမ်း (အရှေ့ဘက်)
- ရန်ကုန်-မန္တလေးအမြန်လမ်းနှင့်ချိတ်ဆက်ခြင်း

**ပျောက်ဆုံးနေသောလမ်းအချိတ်အဆက်များကိုပြုပြင်ရန်အဆိုပြုချက်**

**ရည်ရွယ်ချက်နှင့်အကျိုးသက်ရောက်မှု**

အဓိကလမ်းမကြီးပေါ်တွင် ယာဉ်သွားလာမှုကို လျော့ပါးစေရန်၊ ကွန်ရက်တစ်ခုလုံး၏ စွမ်းဆောင်ရည်ကို ခိုင်မာစေရန်၊ ဒေသခံများ၏အသုံးပြုနိုင်မှုကိုမြှင့်တင်ပေးရန်၊

**ယာဉ်သွားလာမှုစီမံခန့်ခွဲမှုနှင့်ဘေးကင်းစေရန်အဆိုပြုချက်**

ယာဉ်သွားလာမှု ဘေးကင်းလုံခြုံရေး ပညာပေးယာဉ် သွားလာမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ပြင်ဆင်ခြင်း၊ ပညာပေးအစီအစဉ်ဖြင့် ကျောင်းသားလူငယ်များနှင့်ကလေးများ ပြည်သူနှင့်လူမှုအဖွဲ့အစည်းများအတွက် ယာဉ်သွားလာမှု ဘေးကင်းလုံခြုံမှုဆိုင်ရာ လှုံ့ဆော်မှုများ ဆောင်ရွက်ခြင်း၊ ယာဉ်ရပ်နားမှုဆိုင်ရာ စီမံခန့်ခွဲမှုများ ယာဉ်ရပ်နားမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများချမှတ်ခြင်းနှင့် နည်းဥပဒေပြုခြင်း၊ အများပြည်သူ ကားရပ်နိုင်သော နေရာများဖော်ထုတ်ခြင်း၊ ယာဉ်သွားလာမှုကို ထိန်းချုပ်ခြင်း၊ ဘတ်(စ်)ကား၊ တက္ကစီတို့၏ ခရီးသည်အတင်အချ ပြုမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်း ယာဉ်သွားလာမှုထိန်းချုပ်မည့် အစီအစဉ်များ တိုးချဲ့ခြင်း၊ ယာဉ်သွားလာမှု လိုအပ်ချက်ကို စီမံခန့်ခွဲခြင်း၊ ကျောင်းချိန်၊ ရုံးချိန်များကို ပြောင်းလဲသတ်မှတ်မှုစနစ်ဖြင့်သတ်မှတ်ခြင်း၊ ဈေးနှုန်း သတ်မှတ်ချက်ကို တိုးမြှင့်ခြင်း (ပိုမြင့်သောကားရပ်နားခ၊ လောင်စာဆီဖိုး၊ ကားအခွန်) CBD ဧရိယာထဲသို့ ဝင်ရောက်လာသောကားများကို စနစ်တစ်ရပ်ဖြင့်ထိန်းသိမ်းခြင်း၊

**CBD အတွင်းရှိယာဉ်သွားလာမှုအဆင်ပြေစေရန်အဆိုပြုချက်**

ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်ကြောရှုပ်ထွေးမှုများအား လျှော့ချ၍ အများပြည်သူပို့ဆောင်ရေးယာဉ်များ၏ သွားလာမှုအခြေအနေတို့ကို တိုးမြှင့်ဆောင်ရွက်ရန်၊ CBD အတွင်း နေထိုင်သူများနှင့် CBD အတွင်း လာရောက်သူများအတွက် လမ်းလျှောက်ရသော အခြေအနေများ ပိုမိုကောင်းမွန်လာစေရန် (လုံခြုံမှု၊ သက်သောင့်သက်သာ ရှိမှုနှင့် အဆင်ပြေမှု) ကားရပ်နားမှုများကို စည်းကမ်းသတ်မှတ်ခြင်း၊

**အများပြည်သူသယ်ယူပို့ဆောင်ရေးအဆင့်မြှင့်တင်မှု**

- **အဆိုပြုထားသောဆင်ခြေဖုံးရထားကွန်ရက်**
    - **ရည်ရွယ်ချက်နှင့်အကျိုးသက်ရောက်မှု**

မြို့ပြ၏ကျောရိုးများ ကျစ်လျစ်ချောမွေ့စွာ ကြီးထွားဖွံ့ဖြိုးလာစေရန်အတွက် အများပြည်သူပို့ဆောင်ရေးကို အဓိကမဏ္ဍိုင်အဖြစ် တည်ထောင်ရန်၊

**ကျောရိုးကွန်ရက်**

- မြို့ပတ်ရထား
- တောင်-မြောက် မြေအောက်ရထား
- အရှေ့-အနောက် မြေအောက်ရထား
- ဆင်ခြေဖုံးရထားလမ်းကြောင်း

**ဘတ်(စ်)ကားပို့ဆောင်ရေးစနစ်အဆင့်မြှင့်တင်ရန်အဆိုပြုချက်**

ဘတ်(စ်)ကားလုပ်ငန်းပြုပြင်ပြောင်းလဲရေး၊ ဘတ်(စ်)ကားလမ်းကြောင်း ပြန်လည်ဖွဲ့စည်းခြင်းနှင့် ပြေးဆွဲမှုအဆင့်မြှင့်တင်ခြင်း၊ ကားသစ်များလဲလှယ်အသုံးပြုခြင်း၊ ကားဂိတ်နှင့် ဘတ်(စ်)ကား ပြေးဆွဲရာလမ်းကြောင်းတစ်လျှောက် ယာဉ်သွားလာမှုစီမံခန့်ခွဲခြင်း၊

## ရန်ကုန်-ဟံသာဝတီ-ပဲခူး စင်္ကြံတစ်လျှောက်နှင့် ရန်ကုန်အနောက်တောင်ဒေသ ဖွံ့ဖြိုးမှုမဟာဗျူဟာစီမံကိန်းများ

## Master Plans for Yangon - Hanthawaddy - Bago Corridor and Yangon South Western Regional Development in Myanmar

(၁) **ဒေသဖွံ့ဖြိုးရေးအတွက် မဟာဗျူဟာစီမံကိန်း**

- ကာလတိုစီမံကိန်း၊ မြို့သစ်စီမံကိန်းနှင့် စက်မှုလုပ်ငန်းများနှင့် ဆက်စပ်အခြေခံအဆောက်အဦများဖွံ့ဖြိုးရေးစီမံကိန်း

(၂) **မြို့သစ်နှင့်စက်မှုလုပ်ငန်းအမျိုးမျိုးဖွံ့ဖြိုးရေးစီမံကိန်း**

- တွံတေးမြို့သစ်ဖွံ့ဖြိုးမှုစီမံကိန်း
- စက်မှုလုပ်ငန်းအမျိုးမျိုးဖွံ့ဖြိုးမှု
    - အနောက်ပိုင်းဒေသ (ကိုရီးယား-မြန်မာစက်မှုလုပ်ငန်းအမျိုးမျိုး)
    - တောင်ပိုင်းဒေသ (လယ်ယာလုပ်ငန်းအမျိုးမျိုး၊ အဆင့်မြင့် နည်းပညာသုံး စက်မှုလုပ်ငန်းအမျိုးမျိုး)
- ဆက်စပ်အခြေခံအဆောက်အဦများဖွံ့ဖြိုးရေးစီမံကိန်း
    - လမ်း၊ ရေပေးဝေရေး၊ လျှပ်စစ်ဓာတ်အားစီမံကိန်းများ

(၃) **ဒေသတွင်းပို့ဆောင်ရေးဖွံ့ဖြိုးမှုယေဘုယျဒီဇိုင်းပုံစံ**

- အဓိကလမ်းမကြီးများနှင့်ရထားလမ်းစီမံကိန်း
    - အပြင်ပတ်လမ်းအရှေ့အနောက် အမြန်လမ်း
    - ရထားလမ်းနှင့်ဆိပ်ကမ်းအသစ်ဆက်သွယ်မှု
    - ရန်ကုန်မြစ်ဖြတ်ကျော်တံတားသစ်စီမံကိန်း

(၄) **Metropolitan Spatial ဖွံ့ဖြိုးမှုစီမံကိန်း**

- အလုပ်အကိုင်နှင့်အလုပ်သမားဗဟိုချက်စနစ်
    - ထောက်ပံ့ပို့ဆောင်ရေး (အကောက်ခွန်၊ ကုန်စည်တင်ပို့မှု၊ သိုလှောင်မှု၊ အကြီးစားစက်မှုကုန်ထုတ်လုပ်ရေးနှင့် သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများ)

- ကုန်ထုတ်လုပ်ရေး (ဟံသာဝတီ-အနောက်တောင်ဒေသစက်မှုလုပ်ငန်းများ၊ ရန်ကုန်-အနောက်မြောက်ဒေသစက်မှုလုပ်ငန်းများ)
- အဆင့်မြင့်နည်းပညာသုံးလုပ်ငန်းများ (တွံတေး-ဒလမြို့သစ် ဧရိယာများတွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများနှင့် အဆင့်မြင့်နည်းပညာသုံးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု)
- အစိမ်းရောင်လုပ်ငန်းများ (ရန်ကုန်အနောက်တောင်ဒေသ-ကော့မှူး အစိမ်းရောင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများဖွံ့ဖြိုးမှု)
- ကွမ်းခြံကုန်း - ရန်ကုန် အထူးစီးပွားရေးဇုန်စီမံကိန်း (လေဆိပ်၊ ဆိပ်ကမ်းတို့နှင့်ဆက်သွယ်ရန်)

(၅) **ရှေ့ပြေးစီမံကိန်းရွေးချယ်မှု**

- တွံတေး-ဒလမြို့သစ်စီမံကိန်း (၂၀၂၀-၂၀၂၅)
- ဆိပ်ကမ်းနှင့်ကုန်းတွင်းပိုင်းဒေသဖွံ့ဖြိုးမှုစီမံကိန်း
  - ပင်လယ်ဆိပ်ကမ်းနှင့်စက်မှုလုပ်ငန်းအမျိုးမျိုး (၂၀၂၀-၂၀၂၅)
  - ဒလဆိပ်ကမ်းသစ် (၂၀၂၀-၂၀၂၅)
  - ကုန်းတွင်းပိုင်းစက်မှုလုပ်ငန်းအမျိုးမျိုး (၂၀၂၁-၂၀၃၀)
  - ရန်ကုန်အပြင်ပတ်လမ်း (၂၀၂၀-၂၀၄၀)
  - အခြေခံအဆောက်အအုံဖွံ့ဖြိုးမှု (၂၀၂၀-၂၀၄၀)
- ရန်ကုန်တောင်ပိုင်းအထူးစီးပွားရေးဇုန်ဖွံ့ဖြိုးမှုစီမံကိန်း (၂၀၂၀-၂၀၄၀)

(၆) **ဖွံ့ဖြိုးမှုစီမံကိန်း**

- အပိုင်း (၁-၂) တွံတေး-ဒလမြို့သစ်စီမံကိန်း (-----၂၀၂၅)
- အပိုင်း (၃) ဆိပ်ကမ်းနှင့်ကုန်းတွင်းပိုင်းစီမံကိန်း (၂၀၂၆-၂၀၃၀)
- အပိုင်း (၄-၅) SEZ ဖွံ့ဖြိုးမှုစီမံကိန်း (၂၀၃၁-၂၀၄၀)

**ပထမဦးစားပေးလုပ်ငန်းစီမံကိန်းများ**

၁။ တွံတေးတူးမြောင်းနှင့် ပန်းလှိုင်မြစ်ကြောင်းကြား ကြည့်မြင်တိုင်တစ်ဖက်ကမ်း (ဆိပ်ကြီးခနောင်တို၊ တွံတေး၊ ကြည့်မြင်တိုင်မြို့နယ်) တွင် မြို့သစ်စီမံကိန်းဆောင်ရွက်ရန် ကိုရီးယားနိုင်ငံ KOICA မှ အဆိုပြု တင်ပြပါသည်။

၂။ ဒလဘက်ခြမ်းသီလဝါတစ်ဖက်ကမ်းနှင့် ကွမ်းခြံကုန်းဆက်စပ်ဧရိယာတွင်

- New Air port
- Deep Sea port
- SEZ ထူထောင်ရန် ပြည်ထောင်စုလွှတ်တော်သို့တင်ပြထားဆဲ
- အမည်ကို ရန်ကုန်မြို့သစ်ဟုအမည်ပေးရန်နှင့် ပြည်သူနေချင်စဖွယ်မြို့သစ်ဖြစ်စေရန်ဆောင်ရွက်မည်။ (ဆေးရုံ၊ ကျောင်း၊ အပန်းဖြေရိပ်သာ၊ ပန်းခြံ၊ ကစားကွင်းစသည်ဖြင့် ပြည့်စုံစွာ ပါဝင်ရန်)

**အဆိုပြုစီမံကိန်းများကို အောက်ပါဇယားဖြင့်ဖော်ပြအပ်ပါသည်။**

| စဉ် | လုပ်ငန်း | ကာလ | ပမာဏ | ခန့်မှန်းတန်ဖိုး (အမေရိကန်ဒေါ်လာသန်း) |
|---|---|---|---|---|
| **မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများ** | | | | |
| ၁ | ဒဂုံအရှေ့မြို့သစ်စီမံကိန်း | | ၁၃၂၈၆ ဧက | ၄၃၅၅ |
| ၂ | တွံတေးနှင့်ဒလမြို့သစ်စီမံကိန်း | ၂၀၁၇-၂၀၄၀ | ၄၉၇၉၉ ဧက | ၁၅၈၅၇ |
| ၃ | သန်လျင်မြို့သစ်စီမံကိန်း | | ၁၉၉၄၂ ဧက | ၆၅၃၇ |
| ၄ | ထန်းတပင်မြို့သစ်စီမံကိန်း | | ၂၆၉၄၂ ဧက | ၈၈၃၁ |
| ၅ | မှော်ဘီမြို့သစ်စီမံကိန်း | | ၆၅၈၉ ဧက | ၂၁၆၀ |
| ၆ | လှည်းကူးမြို့သစ်စီမံကိန်း | | ၆၈၀၁ ဧက | ၂၂၂၉ |
| ၇ | အင်းစိန်ဘူတာဝန်းကျင်ဖွံ့ဖြိုးရေးစီမံကိန်း | | ၆၄ ဧက | ၁၄၀၀ |
| ၈ | ဆိပ်ကမ်းနှင့် ကုန်းတွင်းပိုင်းဖွံ့ဖြိုးရေးစီမံကိန်း | ၂၀၂၀-၂၀၃၀ | ၁၁၁၃၇ ဧက | ၄၆၂၁ |
| ၉ | အစိမ်းရောင်စက်မှုဇုန်ဖွံ့ဖြိုးရေးစီမံကိန်း | | ၇၇၃ ဧက | ၂၅၃ |
| ၁၀ | လေကြောင်းဆိုင်ရာစက်မှုဇုန်စီမံကိန်း | ၂၀၂၆-၂၀၃၀ | ၁၅၆၉ ဧက | ၅၁၄ |
| ၁၁ | အိမ်ရာစီမံကိန်း | | ၁၄၅၃ ဧက | ၄၇၆ |
| ၁၂ | ရန်ကုန်တောင်ပိုင်းလေဆိပ်သစ်စီမံကိန်း | | - | ၁၁၀၀ |
| ၁၃ | ရန်ကုန်တောင်ပိုင်းအထူးစီးပွားရေးဇုန်သစ်စီမံကိန်း | | ၆၅၅၄ ဧက | ၄၇၄၈ |
| ၁၄ | ကိုရီးယား-မြန်မာစက်မှုဇုန်စီမံကိန်း | | ၆၀၉ ဧက | ၂၀၀ |
| ၁၅ | ပဲခူးမြို့သစ်စီမံကိန်း | ၂၀၁၇-၂၀၄၀ | ၂၄၀၆ ဧက | ၇၈၈ |
| **ပို့ဆောင်ရေးစီမံကိန်းများ** | | | | |
| ၁ | အရှေ့-အနောက် အမြန်လမ်း (အမှတ် ၁၀ အမြန်လမ်း) | ၂၀၁၈-၂၀၃၀ | ၆၆ မိုင် | ၅၁၄၀.၀၃ |
| ၂ | ရန်ကုန်မြို့ပြင်ပတ်လမ်း (အမှတ် ၁၀၀ အမြန်လမ်း) | ၂၀၁၈-၂၀၃၀ | ၇၄ မိုင် | ၇၈၃၀.၃၃ |
| ၃ | အမှတ် (၂) မြို့ပြင်ပတ်လမ်း (အမှတ် ၁၁၀ အမြန်လမ်း) | ၂၀၂၆-၂၀၄၀ | ၁၂၂ မိုင် | ၉၈၃၀.၉၃ |

| | | | | |
|---|---|---|---|---|
| ၄ | ဟံသာဝတီလေဆိပ် ဆက်သွယ်အမြန်လမ်း (အမှတ် ၁၀၁ အမြန်လမ်း) | ၂၀၁၈-၂၀၂၅ | ၁၈ မိုင် | ၁၄၆. ၀၂ |
| ၅ | ရန်ကုန်-မန္တလေးအမြန်လမ်း (အမှတ် ၄၅ အမြန်လမ်း) အဆင့်မြှင့်ခြင်း | ၂၀၁၈-၂၀၂၅ | ၄၁ မိုင် | ၃၉၉. ၃၀ |
| ၆ | ကွမ်းခြံကုန်း-တွံတေးလမ်း | ၂၀၁၈-၂၀၃၅ | ၃၄ မိုင် | ၂၂၀. ၄၀ |
| ၇ | ဒလမြို့သစ်-တွံတေးလမ်း | ၂၀၁၈-၂၀၂၅ | ၂၇ မိုင် | ၁၉၉. ၅၀ |
| ၈ | ရန်ကုန်-Elephant Point လမ်း | ၂၀၁၈-၂၀၃၀ | ၃၀ မိုင် | ၂၂၂. ၇၀ |
| ၉ | ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမကြီး အဆင့်မြှင့်ခြင်း | ၂၀၁၈-၂၀၂၅ | ၅၈ မိုင် | ၄၂၃. ၈၀ |
| ၁၀ | လေဆိပ်ဆက်သွယ်လမ်း | ၂၀၂၆-၂၀၃၅ | ၃၈ မိုင် | ၂၅၄. ၄၀ |
| ၁၁ | ဆိပ်ကမ်းသစ်-သီလဝါရထားလမ်း ကော့မှူးလေဆိပ်သစ်ဆက်သွယ်ရထားလမ်း | ၂၀၂၂-၂၀၃၅ | ၃၃ မိုင် | ၈၄၄. ၀၉ |
| ၁၂ | တွံတေးမြို့သစ် MRT လမ်း | ၂၀၂၂-၂၀၃၀ | ၃ မိုင် | ၈၂. ၅၀ |
| ၁၃ | တွံတေးမြို့သစ်-ရန်ကုန် MRT လမ်း | ၂၀၂၂-၂၀၄၀ | ၃၁ မိုင် | ၇၄၈. ၅၀ |
| ၁၄ | တွံတေးမြို့သစ်-ရန်ကုန် BRT လမ်း | ၂၀၁၈-၂၀၃၀ | ၄၉ မိုင် | ၁၉၀. ၇၀ |
| ၁၅ | ပို့ဆောင်ရေးလွှဲပြောင်းစနစ်များတပ်ဆင်ခြင်း | ၂၀၁၈-၂၀၃၀ | - | ၀. ၃၂ |
| ၁၆ | ရန်ကုန်-ပြည်အမြန်လမ်း (အမှတ် ၃၅ အမြန်လမ်း) | ၂၀၂၂-၂၀၃၅ | ၁၃၇ မိုင် | ၁၀၃၃. ၉၀ |
| ၁၇ | ခရမ်း-သနပ်ပင်လမ်း (အမှတ် ၈ လမ်း/အမှတ် ၆ လမ်းမကြီး) | ၂၀၂၆-၂၀၄၀ | ၆၃ မိုင် | ၄၅၅. ၉၉ |
| ၁၈ | ဖျာပုံ-ကွမ်းခြံကုန်းလမ်း | ၂၀၂၂-၂၀၃၀ | ၄၆ မိုင် | ၃၀၈. ၄၀ |
| ၁၉ | ရန်ကုန်-ပုသိမ်လမ်း (အမှတ် ၁၀ လမ်း) | ၂၀၁၈-၂၀၃၀ | ၃၁ မိုင် | ၂၃၅. ၉၀ |
| ၂၀ | ထန်းတပင်-မှော်ဘီလမ်း | ၂၀၂၂-၂၀၄၀ | ၂၄ မိုင် | ၁၅၉. ၄၂ |
| ၂၁ | ရန်ကုန်-ပြည်လမ်း (အမှတ် ၅ လမ်း) | ၂၀၂၆-၂၀၄၀ | ၄၄ မိုင် | ၂၉၁. ၀၀ |

| စဉ် | လုပ်ငန်း | ကာလ | ပမာဏ | ခန့်မှန်းတန်ဖိုး (အမေရိကန် ဒေါ်လာသန်း) |
|---|---|---|---|---|
| ၂၂ | အမှတ် (၇) လမ်း (အမှတ် ၂ လမ်းမကြီး) | ၂၀၂၆-၂၀၄၀ | ၃၃ မိုင် | ၂၈၁. ၇၄ |
| ၂၃ | ကော့မှူးအရှေ့-အနောက်လမ်း | ၂၀၂၁-၂၀၃၀ | ၁၆ မိုင် | ၉၄. ၄၀ |
| ၂၄ | ကသွယ်-ဒေးဒရဲလမ်း | ၂၀၂၆-၂၀၄၀ | ၃၈ မိုင် | ၂၃၁. ၄၀ |
| ၂၅ | ဒလ-ဝါးဘလောက်သောက်လမ်း (ဒလတံတား) | ၂၀၁၈-၂၀၃၀ | ၂၃ မိုင် | ၁၆၈. ၇၀ |
| ၂၆ | လှည်းကူး-ဒဂုံအရှေ့လမ်း | ၂၀၂၆-၂၀၃၀ | ၁၈ မိုင် | ၁၀၈. ၇၀ |
| ၂၇ | ကဝ-အင်းတကော်-ဟံသာဝတီလေဆိပ်လမ်း | ၂၀၂၁-၂၀၃၅ | ၂၅ မိုင် | ၃၂၉. ၀၀ |
| ၂၈ | တွံတေးမြို့သစ်-လှိုင်သာယာလမ်း | ၂၀၁၈-၂၀၂၅ | ၁၃ မိုင် | ၁၀၂. ၉၀ |
| ၂၉ | ဒလ-ကျောက်တန်း-တံတား-သုံးခွလမ်း | ၂၀၃၆-၂၀၄၀ | ၃၁ မိုင် | ၂၅၅. ၀၁ |
| ၃၀ | ကိုရီးယား-မြန်မာစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးစက်မှုဥယျာဉ်ဆက်သွယ်လမ်း | ၂၀၁၈-၂၀၂၅ | ၁၁ မိုင် | ၇၃. ၄၀ |
| **လျှပ်စစ်ကဏ္ဍစီမံကိန်းများ** | | | | |
| ၁ | ဒဂုံအရှေ့မြို့သစ် ဓာတ်အားပေးရေးစီမံကိန်း (၃၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ၊ ၃၀၀ အမ်ဗွီအေဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်း) | ၂၀၂၁-၂၀၄၀ | | |
| ၂ | တွံတေးနှင့်ဒလမြို့ ဓာတ်အားပေးရေးစီမံကိန်း (၁၄၇၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ၊ ၁၄၇၀ အမ်ဗွီအေဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်း) | ၂၀၁၈-၂၀၄၀ | | |
| ၃ | သန်လျင်မြို့သစ် ဓာတ်အားပေးရေးစီမံကိန်း (၄၃၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ၊ ၄၃၀ အမ်ဗွီအေဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်း) | ၂၀၃၁-၂၀၄၀ | | |
| ၄ | ထန်းတပင်မြို့သစ် ဓာတ်အားပေးရေးစီမံကိန်း (၅၆၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ၊ ၅၆၀ အမ်ဗွီအေဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်း) | - | | |

| စဉ် | လုပ်ငန်း | ကာလ | ပမာဏ | ခန့်မှန်းတန်ဖိုး (အမေရိကန် ဒေါ်လာသန်း) |
|---|---|---|---|---|
| ၅ | မှော်ဘီမြို့သစ် ခါတ်အားပေးရေးစီမံကိန်း (၁၄၀ မဂ္ဂါဝပ် ခါတ်အားပေးစက်ရုံ၊ ၁၄၀ အမ်ဗွီအေခါတ်အားခွဲရုံနှင့် ခါတ်အားလိုင်း) | - | | |
| ၆ | လှည်းကူးမြို့သစ် ခါတ်အားပေးရေးစီမံကိန်း (၁၆၀ မဂ္ဂါဝပ် ခါတ်အားပေးစက်ရုံ၊ ၁၆၀ အမ်ဗွီအေခါတ်အားခွဲရုံနှင့် ခါတ်အားလိုင်း) | - | | |
| ၇ | အင်းစိန်ဘူတာရုံဝန်းကျင် ခါတ်အားပေးရေး စီမံကိန်း (လမ်း/မီးနှင့် ဖြန့်ဖြူးရေးလိုင်း) | ၂၀၂၁-၂၀၂၅ | | |
